


# သောတာပန်ဖြစ်ဖို့နှစ်ချက်

## (ဝေဒနာနုပဿနာရှုနည်း)

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာ (၄) ပါးတရားတော် အမှတ်စဉ် (၂၉) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။

# သောတာပန်ဖြစ်ဖို့နှစ်ချက်

## [ ဝေဒနာနုပဿနာ ရှုနည်း ]

သောတာပန်ဆိုတဲ့ဥစ္စာ ဘာတုံးလို့ မေးလို့ရှိရင်ဖြင့် "မှန်မှန်ကန်ကန် သမ္မာဒိဋ္ဌိဖြစ်တာ"ကို သောတာပန်လို့ ဆိုသည်။

သောတာပန်ဆိုတာ မှန်မှန်ကန်ကန် သမ္မာဒိဋ္ဌိ ဖြစ်ရင် သောတာပန်ပဲလို့ မှတ်ထားရမယ်....(မှန်ပါ့)။

သောတာပန်ဆိုတာဘာပါလိမ့်.... (မှန်မှန်ကန်ကန် သမ္မာဒိဋ္ဌိဖြစ်တာပါဘုရား) အဲဒါ ဘုန်းကြီးတို့ ဒကာဒကာမတွေကို ရဟန္တာနှစ်ပါး သူတို့ မေးကြမြန်းကြတော့ သူတို့ကိုယ်တိုင်လဲ ရှင်သာရိပုတ္တရာကလဲ ရဟန္တာကြီး၊ ရှင်ကောဋ္ဌိကကလဲ ရဟန္တာကြီး၊ ရှင်ကောဋ္ဌိက ရဟန္တာ ဖြစ်ငြားသော်လဲ ရှင်သာရိပုတ္တရာကို မေးလိုက်တယ်၊ **အရှင်ဘုရား....** သောတာ

ပန်စပြီးသကာလတည်ချင်လို့ သောတာပန်ဆိုတာ သမ္မာဒိဋ္ဌိ မှန်မှန်ကန်ကန် ဖြစ်ဖို့ရာ သောတာပန် တည်ချင်လို့ရှိရင်ဖြင့် သောတာပန် ဖြစ်ဖို့ရာအင်္ဂါဘယ်နှစ်ပါး လိုပါသလဲလို့ ဆိုတာ ရှင်ကောဋ္ဌိက,က မေးတယ်၊ မေးသာမေးတယ်၊ မောင်နိုင်တို့ ကိုဝတို့ ကိုစံလှတို့ မှတ်ရမှာက သိပြီးသားကို မေးတယ်လို့ မှတ်ပါ....(မှန်ပါ့)။

သူကိုယ်တိုင် ရဟန္တာကြီး ဖြစ်ပြီးသကာလ လာခဲ့တယ်။ အမေးခံရတဲ့ ပုဂ္ဂိုလ်ကလဲ နောင်လာ နောက်သားတွေကို သောတာပန်အဖြစ်ဟာ ခဲယဉ်းပြီးသကာလ နေတယ်လို့ထင် မှာ စိုးရိမ်တဲ့အတွက် ရှင်သာရိပုတ္တရာကလဲ အဖြေပေးမှာပဲ (မှန်ပါ့)။

ဒါကြောင့် သောတာပန် တည်ချင်လို့ရှိရင်ဘုရား....တဲ့ သမ္မာဒိဋ္ဌိဖြစ်မှ တည်တယ်လို့ ဆိုပါတယ်၊ အဲဒီသမ္မာဒိဋ္ဌိ ဖြစ် ခြင်း၏အကြောင်းကို တပည့်တော်အား အမိန့်ရှိပါလို့ ရှင် ကောဋ္ဌိက,က မေးတယ်....(မှန်ပါ့)။

မေးတဲ့အခါ ရှင်သာရိပုတ္တရာက သောတာပန် တည်ဖို့ သမ္မာဒိဋ္ဌိကတော့ကွာ....တဲ့၊ မှန်မှန်ကန်ကန် ဖြစ်ဖို့ရာကတော့ ကိုယ်နဲ့လျောက်ပတ်တဲ့တရားကိုနာမှု....တဲ့၊ မိမိနဲ့လျောက်ပတ် တဲ့တရားကိုနာမှုတဲ့(မှန်ပါ့) သဘော ကျပြီနော်.... (ကျပါပြီ ဘုရား)။

၁-နံပါတ်က မိမိနဲ့လျောက်ပတ်တဲ့ တရားကိုနာမှု....တဲ့၊ လျောက်ပတ်ဆိုတာက တချို့စိတ်ရှုမှမဂ်ဖိုလ်ဆိုက်တာရှိတယ်၊

တချို့က ဝေဒနာရှုမှ မဂ်ဖိုလ်ဆိုက်တာ ရှိတယ်၊ တချို့က ရုပ်ရှုမှ မဂ်ဖိုလ် ဆိုက်တာ ရှိတယ်၊ ဒါကြောင့် ကိုယ်နဲ့ လျောက်ပတ်တဲ့တရားကို နာမှုက ၁-နံပါတ်၊ တရားမနာဘဲနဲ့ တော့ မဖြစ်ဘူးပေါ့လေ....(မှန်ပါ့)။

ဒါဖြင့်....မှန်ကန်တဲ့ သမ္မာဒိဋ္ဌိဖြစ်ချင်လို့ရှိရင်ဖြင့် ဘယ်လို များပါလိမ့်၊ ဘယ်လိုဖြည့်စွက်မှ ဘယ်လိုအကြောင်းညီညွတ်မှ သောတာပန် ဖြစ်နိုင်ပါ့မလဲလို့ မေးတဲ့အခါကျတော့ ကိုယ်နဲ့ လျောက်ပတ်တဲ့ တရားကို နာမှု ရှိမှလို့ ရှင်သာရိပုတ္တရာက ၁-နံပါတ် ဖြေလိုက်တယ်....(မှန်ပါ့)။

ဘယ့်နှယ်ဖြေပါလိမ့်.... (ကိုယ်နဲ့လျောက်ပတ်တဲ့ တရားကို နာမှုရှိမှပါဘုရား)ကိုယ်နဲ့လျောက်ပတ်တဲ့ တရားနာမှုဆိုတော့ သတိပဋ္ဌာန်လေးပါးရှိတယ်၊ တချို့က ဝေဒနာရှုမှ ထင်ရှားတယ်၊ တချို့ကလဲ စိတ်ရှုမှထင်ရှားတယ်၊ တချို့ကလဲသဘော ရှုမှ ထင်ရှားတယ်၊ တချို့ကလဲ ကာယာနုပဿနာ ဆိုတဲ့ ရုပ်တစ်ခုခုကို ရှုမှ ထင်ရှားတယ်။

အဲဒီတော့ သူထင်ရှားတာတွေက သူ့စရိုက်နဲ့သူလာတာ ဖြစ်ပြီးသကာလနေတော့ အားလုံး ဒကာ ဒကာမတွေ သိပြီး သားအတိုင်း ကိုယ်နဲ့လျောက်ပတ်တဲ့ တရားနာမှုဟာ ၁-နံပါတ် အရေးကြီးတယ်....(မှန်ပါ့)၊ကိုယ့်စရိုက်နဲ့ လျော်တဲ့ တရားနာမှုဟာ ၁-နံပါတ်လို့ မှတ်လိုက်ပါ....(မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် အရှင်ဘုရား ဒီတစ်ပါးပဲလား....တဲ့။ သောတာပန် တည်ချင်လို့ရှိရင် ဒီတရားတစ်ပါး နာတာနဲ့ပဲ

ကိစ္စပြီးရတော့မှာလားလို့ ရှင်ကောဏ္ဍညက ဆက်ပြီး မေးတယ်၊ မပြီးသေးဘူး....တဲ့ (မှန်ပါ့)။

ကိုယ့်နဲ့လျှောက်ပတ်တဲ့တရားနာရုံမျှနဲ့လဲ မပြီးသေးဘူးတဲ့၊ ယောနိသောမနသိကာရဆိုတဲ့ နှလုံးသွင်း မှန်မှုကလေးလဲ ဒုတိယအချက် ထည့်ပါဦးတဲ့.... (မှန်ပါ့) နှလုံးသွင်းမှန်မှုဟာ ဒုတိယအချက်တဲ့ ဒကာ ဒကာမတို့ (မှန်ပါ့)။

နှလုံးသွင်းမှန်မှုဟာဘာပါလိမ့်(ဒုတိယအချက်ပါဘုရား)၊ ကိုယ်နဲ့လျှောက်ပတ်တဲ့တရားနာမှုက (ပထမအချက်ပါဘုရား) ဤနှစ်ချက်သာ ပြည့်စုံဖို့လိုတယ်ကွာ....တဲ့၊ ဤနှစ်ချက်ပြည့်စုံလို့ရှိရင်ဖြင့် သောတာပန်တည်ဖို့ရာဟာဖြင့် ဤအင်္ဂါနှစ်ပါးပဲ ရှိပါတယ်လို့ ရှင်သာရိပုတ္တရာက ရှင်ကောဏ္ဍညရဲ့ အမေးကို နောင်လာ နောက်သားတွေအတွက် အဖြေနှစ်ခုပေးခဲ့တာကို ဘုန်းကြီးတို့ ဒကာဒကာမတွေက လေးလေးနက်နက် မှတ်ပြီး သကာလ ကိုယ်နဲ့လျှောက်ပတ်တဲ့တရားနာမှု၊ နှလုံးသွင်းမှန်မှု၊ ဤနှစ်ခုရှိလို့ရှိရင် သောတာပန်အမှန်အကန် မြင်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်ကွာလို့ သေသေချာချာ ဟောတယ်....(မှန်ပါ့)။

အဲဒါကြောင့် ဘာပါရမီတွေ၊ ဘာတွေ ဒါလောက်မလိုလှဘူးလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ပါရမီတကယ်လိုတာက လက်ဝဲရံဖြစ်ရပါလို၏၊ လက်ယာရံဖြစ်ရပါလို၏ ဟုတ်လား၊(မှန်ပါ) အသီတိမဟာသာဝကကြီး

ချစ်ကျိပ်ဖြစ်ရပါလို၏ အစရှိသည်နဲ့ ဒီလိုသောတာပန် တည်ရုံမျှ မကဘဲနဲ့ ဂုဏ်ထူးကြီးတဲ့အရာတွေပါ လိုချင်လို့ရှိရင်တော့ဖြင့် အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းရယ် ကမ္ဘာတစ်သိန်းကာလရယ် ဆိုတာတွေ ပြုလုပ်ကြရလိမ့်မယ် (မှန်ပါ)။

ဟာ....တပည့်တော်တို့ဖြင့် သံသရာရှည်တာလဲ မကြိုက်ပါဘူး၊ ပါရမီလဲ ဒါလောက်ကြာအောင် မဖြည့်ချင်ပါဘူး၊ နိဗ္ဗာန်စင်တဲ့အခါကျလို့ရှိရင် ဂုဏ်ထူးနဲ့လဲ မဝင်ချင်တော့ပါဘူး၊ မြန်မြန်ပဲ ခန္ဓာဇာတ်သိမ်း ငြိမ်းရာဖြစ်တဲ့နိဗ္ဗာန် လိုချင်ပါတယ်ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဒီနှစ်ချက်ပဲ (မှန်ပါ) ကိုဝ အလှူယ်သားပဲ (လွယ်ပါတယ်ဘုရား) မောင်နိုင် မလွယ်ဘူးလား (လွယ်ပါတယ်ဘုရား)။

ကိုယ်နဲ့လျော်ကပ်တဲ့တရားကို နာမှု ၁-နံပါတ်၊ သဘောကျပလား....(ကျပါပြီ)နှလုံးသွင်းမှန်မှု(၂-နံပါတ်ပါဘုရား) ဤနှစ်ခု ရှိလို့ရှိရင်ဖြင့် ဆုကြီးပန် မဟုတ်ခဲ့လို့ရှိရင် ဒါဟာ ကွာ သောတာပန် တည်တာပါပဲတဲ့....(မှန်ပါ)။

ဒကာဒကာမတွေ အားတက်စရာ သိပ်ကောင်းပါတယ် (ကောင်းပါတယ်ဘုရား) မေးတဲ့ ပုဂ္ဂိုလ်က ရှင်ကောဏ္ဍိက ဆိုတဲ့ ရဟန္တာ၊ ဖြေတဲ့ ပုဂ္ဂိုလ်က ရှင်သာရိပုတ္တရာ၊ အဲဒါ စူဠဝေဒလ္လသုတ်မှာ (မှန်ပါ)။

စူဠဝေဒလ္လသုတ်ဆိုတဲ့ဥစ္စာ မူလပဏ္ဏာသ ပါဠိတော်မှာ လာတယ်လို့မှတ်ပါ(မှန်ပါ) အဲဒီမှာ သေသေချာချာဟော ထားတဲ့အတွက် ရှေးက သူများပြောသံကြားတွေကို အားလုံး ဒကာဒကာမတွေက မှတ်မထားဘဲနဲ့ သောတာပန် တည်ချင်

လို့ရှိရင် ဒီအင်္ဂါနှစ်ချက်သာ ပြည့်စုံဖို့ အရေးကြီးတယ် ဆိုတာကို ယနေ့ ဆုံးဖြတ်ချက်ချပစ်လိုက်ပါ (မှန်ပါ)။

သောတာပန် တည်ချင်လို့ရှိရင်ဖြင့် ကိုယ်နဲ့လျော်ကပ်တဲ့ တရားဆိုတာကိုနာမှု (မှန်ပါ) လျော်ကပ်တဲ့တရားဆိုတာက သတိပဋ္ဌာန်လေးပါးထဲက တစ်ပါး ပါးပဲ (မှန်ပါ) ကိုယ်နဲ့ လျော်ကပ်တဲ့တရားနာမှု -၁နံပါတ်၊ နှလုံးသွင်းမှန်မှု ၂- နံပါတ် (မှန်ပါ) ဤအင်္ဂါနှစ်ပါးနဲ့ပြည့်စုံလို့ရှိရင်ဖြင့် ဆုကြီး ပန် မဟုတ်ခဲ့သော် ဒကာဒကာမတို့ ယယ်အချိန်မဆုံ ရတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

ဒါဖြင့် မောင်နိုင်ရေ သိပ်ဝေးသေးသလားလို့မေးရင်.... (မဝေးပါဘုရား) အဲဒီတော့ ဘုန်းကြီးများကတော့ဖြင့် ဒကာဒကာမတွေကို သတိပဋ္ဌာန်ကို သေသေချာချာ ဟော နေတာပဲ၊ စိတ္တာနုပဿနာလဲ ဟော၊ ဝေဒနာနုပဿနာလဲ ဟော၊ ကာယာနုပဿနာလဲ ဟော၊ သစ္စာဆိုတဲ့ ဓမ္မာနုပဿနာ တွေလဲ ဟော၊ အဲဒီတော့ ဒီအထဲက တစ်ခုခုတော့ တိုက်မိ ရတော့မှာ သေချာတယ် (မှန်ပါဘုရား)။

ခင်ဗျားတို့နားထဲမှာ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါး ပါးနဲ့တော့ဖြင့် ကိုယ့်စရိုက်နဲ့ ကိုယ့်အကြိုက်တော့ တွေ့ရတော့ မှာပဲ (မှန်ပါ)။

တွေ့တဲ့အခါကျလို့ရှိရင် ဩော် ... ဒါ ၁-နံပါတ် အောင် မြင်ပြီးသကာလ၊ ၂-နံပါတ် နှလုံးသွင်းမှန်မှုကလေး ဒါကို အထူးဂရုစိုက်ပါဆိုတာ ယနေ့ လေးလေးနက်နက်ပဲ ဒကာ

ဒကာမတွေကို သိစေချင်လို့ ပြောကြားသည်လို့ မှတ်ရမယ် (မှန်ပါ့ဘုရား)။

ဒီနှစ်ချက်ကိုဖြင့် မေ့မပစ်လိုက်ကြပါနဲ့ ဆိုတာ ဒကာ ဒကာမတွေကို သတိပေးရတယ် (မှန်ပါ့ဘုရား) ၁-နံပါတ်က ဘာတဲ့ (ကိုယ်နဲ့ လျော်ကပ်တဲ့တရားကို နာမှု) သတိပဋ္ဌာန် လေးပါးထဲက တစ်ပါး,ပါးပေါ့ဗျာ (မှန်ပါ့ဘုရား)။

ကိုယ်နဲ့လျော်ကပ်တာ ကိုယ်ကြိုက်တာ၊ တပည့်တော် ကတော့ ဝေဒနာမှ ထင်ရှားတယ်ဘုရား၊ အဲဒါကြောင့် ဝေဒနာကို တပည့်တော်တို့ အတွေ့များတယ်ဆိုလို့ရှိရင် အဲဒါ ကိုယ်နဲ့ လျော်ကပ်တဲ့ တရားသာ မှတ်....(မှန်ပါ့) တပည့် တော်က စိတ်ကိုပဲ အားကြီးရှုလို့၊ မြင်လွယ် ထင်လွယ် ရှိတယ် ဘုရားဆိုလို့ရှိရင် ဒကာဒကာမတွေ ကိုယ်နဲ့လျော်ကပ် တာ စိတ်ပဲလို့ မှတ်ပါ (မှန်ပါ့)။

တပည့်တော်ကတော့ဘုရား ရုပ်တွေ၏ဓာတ်လေးပါးတို့ ၏ လှုပ်လိုက်ငြိမ်လိုက် ဝါယောဓာတ်တွေ ဖြစ်တာ ပျက်တာ တွေ ပူလိုက် အေးလိုက်၊ တေဇောဓာတ်တွေ ဖြစ်တာပျက်တာ တွေ တပည့်တော်က ဒါပဲ ထင်ရှားတယ်ဆိုရင် အဲဒါ ကိုယ်နဲ့ လျော်ကပ်တဲ့တရားလို့ မှတ်ပါ (မှန်ပါ့)။

တပည့်တော်ကတော့ ဘယ်ဟာ ကြည့်လိုက် ကြည့်လိုက် ဝိပရိဏာမ ဖောက်ပြန်တာကလေးတွေဟာ ဒုက္ခသစ္စာချည့်ပဲ လို့ မြင်နေတယ်၊ ဝေဒနာကြည့်လဲ ဖောက်ပြန်တဲ့ ဒုက္ခသစ္စာ လို့ပဲ မြင်တာပဲ၊ လောဘစိတ်တွေ ကုသိုလ်စိတ်တွေ ကြည့်လိုက် ပြန်လဲ ဖောက်ပြန်တဲ့ ဒုက္ခသစ္စာချည့်ပဲ မြင်တယ်ဆိုရင် ဩော်-

ဘုက သစ္စာဆိုတဲ့ မေဓာနုပဿနာ သတိပဋ္ဌာန်နဲ့ သူ့စရိုက်နဲ့ ကိုက်လို့ သူ့ဉာဏ်ထဲ အထင်မျှားတာကိုးဆိုဖြီး အဲဒါ ကိုယ်နဲ့ ချောက်ပတ်တဲ့တရားလို့ မှတ်လိုက်ပါ (မှန်ပါ့ဘုရား)။

ဒါနဲ့ ကိုယ်နဲ့လျောက်ပတ်တဲ့တရားကတော့ ရှုကြည့်ရင် သိတယ်နော်.... (မှန်ပါ) ရှုကြည့်ရင် သိပါတယ် ဒကာ ဒကာမတို့၊ အဲဒီတော့ ဘုန်းကြီးက ကူညီရမှာက ဘာကို ကူညီရမလဲလို့ မေးတော့ ၂-နံပါတ်ဖြစ်တဲ့ နှလုံးသွင်းမှန်မှု ကလေးတော့ ကူညီရလိမ့်မယ် (မှန်ပါ့ဘုရား)။

နှလုံးသွင်းမှန်မှုဆိုတာ ဒကာဒကာမတွေ နှလုံးသွင်းမှု ဆိုတဲ့ အချက်ကလေးဟာက အင်မတန် အရေးကြီးပါတယ်၊ နှလုံးသွင်းမှုဆိုတာက ဒကာဒကာမတို့ ဘာပါလိမ့်မလဲလို့ မေးနေစရာ မလိုပါဘူး၊ ကိုယ့်စရိုက်နဲ့ တော်တဲ့ တရား ဟာ ကိုယ်တွေ့ပြီ၊ ဥပမာ စိတ်ဖြင့်လဲ စိတ်နဲ့ပဲ ကိုယ့်စရိုက်နဲ့ ကိုယ်နဲ့လျော်တယ်၊ ဝေဒနာပဲ ကိုယ်နဲ့ လျော်တယ်ဆိုလို့ ရှိရင်ဖြင့် အဲဒီလျော်တဲ့တရားကို ကိုယ်ကနာထားပြီး ရှုတဲ့အခါ ကျတော့ နှလုံးသွင်းမှန်မှုဟာ ဘုန်းကြီးတို့ကလဲ ကူညီမယ်၊ ဒကာဒကာမတွေကလဲ ဒီနှလုံးသွင်းနဲ့ အရ ယူပြီးသကာလ တည့်အောင် ဂရုစိုက်ပါဆိုတာ ယနေ့ ပြောရတယ်....(မှန်ပါ ဘုရား)။

ကဲ... ဒါဖြင့် နှလုံးသွင်းမှန်မှုဆိုတာ ဒကာ ဒကာမတို့ တခြား မဟုတ်ပါဘူး၊ အနိစ္စရှိရင် အနိစ္စသိ၍ ဒါနှလုံးသွင်း မှန်ပြီလို့မှတ် (မှန်ပါ့ဘုရား)။

အနိစ္စရှိတဲ့တရားကို အနိစ္စရယ်လို့တွေ့ရင်.... (နှလုံးသွင်းမှန်ပါပြီ) ဒုက္ခရှိတဲ့တရား ဒုက္ခဖြစ်နေတာကို ဒုက္ခရယ်လို့ တွေ့ရင်....(နှလုံးသွင်းမှန်ပါပြီဘုရား)။

အဲ....ပုဂ္ဂိုလ်သတ္တဝါတွေ ပျောက်ပြီးသကာလ၊ အနိစ္စရှိ၍ အနိစ္စတွေ့တာပဲလို့ ဆိုရင် ဒါ....နှလုံးသွင်း မှန်တာပါပဲ.... (မှန်ပါ့) အနတ္တရှိ၍ အနတ္တတွေ့ရင်ကော (နှလုံးသွင်းမှန်ပါတယ်) အသုဘရှိ၍ အသုဘတွေ့ရင်ကော (နှလုံးသွင်းမှန်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ နှလုံးသွင်းမှန်မှုကိုလဲ အနိစ္စခပ်သန်သန် ရှုလိုက်တဲ့အခါမှာ အနိစ္စရှိ၍ အနိစ္စပဲ ဉာဏ်ထဲမှာ တွေ့လို့ရှိရင် ဒါနှလုံးသွင်းမှန်ပြီလို့ မှတ်လိုက်ပါတော့ (မှန်ပါဘုရား)။

ကိုယ်က ဒုက္ခ အလေ့အကျက်များလို့ ဒီဥစ္စာကလေးဟာ ဖြစ်ဒုက္ခ, ပျက်ဒုက္ခလို့ဆိုပြီး ဒုက္ခကလေးတွေချည်းပဲ ဉာဏ်ထဲမှာ ဝေဒနာကြည့်လိုက်ပြန် ဝေဒနာမတွေ့ ဒုက္ခတွေ့၊ စိတ်ကြည့်လိုက်ပြန်လဲ စိတ်မတွေ့ ဒုက္ခတွေ့ ဆိုလို့ရှိရင်ဖြင့် ဒါ.... နှလုံးသွင်းမှန်ပြီလို့ပဲ ဒကာဒကာမတွေ ဆုံးဖြတ်ချက်ချပါတော့....(မှန်ပါ့) အနတ္တရှိ၍ အနတ္တတွေ့ရင်ကော (နှလုံးသွင်းမှန်ပါတယ်ဘုရား။)

ကိုင်း....ဒါဖြင့် နှလုံးသွင်းမှန်ဆိုတာက ဒကာဒကာမတို့ အရှိနဲ့အသိ ကိုက်ဖို့ပါပဲလို့ ခဏခဏပြောတယ်.... (မှန်ပါ့) ဘယ်လိုပါလိမ့် (အရှိနဲ့အသိ ကိုက်ဖို့ပါဘုရား)။

အရှိန့်အသိ ကိုက်ဖို့ပါပဲဆိုတာ အရှိန့်အသိ ကိုက်သွားလို့ရှိရင် ခန္ဓာထဲက အနိစ္စရှိ၍ အနိစ္စသိရင် ကို၀၊ ကိုစံလှ နှလုံးသွင်းမှန်လို့သာ မှတ်ပေတော့ (မှန်ပါ့) ဒုက္ခရှိ၍ ဒုက္ခသိရင် (နှလုံးသွင်းမှန်ပါတယ်) အနတ္တရှိ၍ အနတ္တသိရင် (နှလုံးသွင်းမှန်ပါတယ်ဘုရား)။

အဲ... ကိုယ်နဲ့ လျော်တဲ့တရားကို တွေ့ပြီးပြီ၊ ငါတော့ဖြင့် ဝေဒနာကို ရှုလို့ကောင်းတယ်၊ ငါထိုင်လိုက်လို့ရှိရင် ဝေဒနာက အရင်ပေါ်တယ်၊ ဒါကြောင့် ဝေဒနာဖြစ်ပျက်၊ ခယဝယကိုသာ ငါတွေ့တယ်လို့ ဆိုရင် ဒါဟာ ကိုယ်နဲ့ လျော်တဲ့ တရားဖြစ်လေသောကြောင့် အဲဒီ ဝေဒနာကလေးတွေ၏ ပျောက်ပျက်မှုတွေကို ဩော်....ပျောက်ပျက်တတ်တဲ့တရားမို့ ပျောက်ပျက်တာတွေချည်း တွေ့နေလို့ရှိရင် ကို၀၊ ကိုစံလှ နှလုံးသွင်းမှန်ပြီ (မှန်ပါ့)။

ဒါဖြင့် အင်္ဂါနှစ်ချက်ပေါ့ဗျာ (မှန်ပါ့) အဲဒီတော့ ပါရမီတွေ ဘာတွေ သိပ်တွေးမနေကြဘဲ ခင်ဗျားတို့ အခု သောတာပန် တည်ချင်ကြတယ်၊ မကြာချင်ပါဘူးဘုရား၊ ဘာဆုမှလဲမလိုချင်တော့ပါဘူး၊ လက်ဝဲရံ-လက်ယာရံ အသီတိမဟာသာဝက ဆိုတဲ့ ဂုဏ်ထူးဆောင်တွေ မယူချင်တော့ပါဘူး ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ဂုဏ်နဲ့ နိဗ္ဗာန် မဝင်ချင်ပါဘူး၊ နိဗ္ဗာန်ရောက်တဲ့အခါ နိဗ္ဗာန်သည်ကား ဆိုလို့ရှိရင် "သန္တိလက္ခဏံ နိရောဓသစ္စံ" ဆိုသည့်အတိုင်း နိဗ္ဗာန်ဟာ ငြိမ်းအေးခြင်း တစ်ခုတည်းပဲ၊ ဘုရားရောက်တဲ့ နိဗ္ဗာန်လဲ ကို၀ ငြိမ်းအေးခြင်း ရတာပဲ (မှန်ပါ့)။

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ရတဲ့ နိဗ္ဗာန်ကော (ငြိမ်းအေးခြင်းပါဘုရား) အသီတိရှစ်ကျိပ်တွေ၊ သာဝက ပါရမီ ရိုးရိုးတရားနာရင်းနဲ့ ပြီးသွားတဲ့ ပုဂ္ဂိုလ်တွေ ဒီပုဂ္ဂိုလ်တွေ ရတဲ့ နိဗ္ဗာန်ကလဲ ဘုရားရတဲ့နိဗ္ဗာန်ထက် ပိုမိုပြီး သကာလ သေးသိမ်တယ်ဆိုတာ ဒကာဒကာမတွေက မမှတ်နဲ့ (မှန်ပါ့)။

နိဗ္ဗာန်ကျတော့ တစ်ခါတည်း သန္တိလက္ခဏာ တစ်ခုသာ ရှိပြီးသကာလ နေတဲ့အတွက် ဘယ်သူရောက်တဲ့ နိဗ္ဗာန်သည် အထူးအခြားရယ်လို့ မထားပါဘူး၊ နိဗ္ဗာန်ဆိုတာ ခန္ဓာဇာတ်သိမ်း ငြိမ်းတာချင်းအတူတူ ကိလေသာ ဇာတ်သိမ်း၍ ငြိမ်းတာချင်းကော (အတူတူပါဘုရား)။

ဒါဖြင့် ငြိမ်းအေးခြင်းလက္ခဏာ တစ်ခုတည်းပဲပေါင်းဆုံ နေတယ်ဆိုတာ ဒကာဒကာမတွေက မှတ်ထားလိုက်တော့ ဩော်... တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ခန္ဓာရှည်လေလေ ဒုက္ခရှည်လေလေပဲ မှတ်ပြီးသကာလ၊ ဒီနှစ်ချက်ကိုပဲ ကိုယ်နဲ့ လျောက်ပတ်တဲ့ တရားကို နာရပြီးပြီ ဆိုလို့ရှိရင် ဒကာ-ဒကာမတို့ အရင်ပြောတဲ့အတိုင်း မနက်အားထုတ် ညနေရမှာပဲ၊ ညနေအားထုတ် မနက်ရမှာပဲ၊ ကိလေသာကြား မညှပ်စေနဲ့ဆိုတာနဲ့ ဖြည့်စွက်ပြီး မှတ်လိုက်တာပေါ့ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒီလိုဆိုတော့ ဝန်လေးစရာအကြောင်းများ ရှိသေးသလား (မရှိပါဘုရား) အဲဒီတော့ တပည့်တော်တို့ ဘုရား....ဘယ် အတွက်ကြောင့်များ ချို့နေသတုံးလို့ မေးတဲ့အခါ ကျလို့ ရှိရင်ဖြင့် ဘုန်းကြီးပြောမယ်၊ တရားမနာတဲ့ လူမှာတော့ဖြင့်

နှစ်ဦးတည်းပဲ တရားမနာဘဲနဲ့ မဂ်ဖိုလ်ရတာ ရှိတယ်လို့ ကိုဝ ကိုစံလှ မှတ် (မှန်ပါ့)။

ပစ္စေကဗုဒ္ဓါနဲ့ ဘုရားပဲ သူများတရားမနာဘဲနဲ့ သောတာပန် စ,တည်တယ်(မှန်ပါ့) ကျန်တဲ့ပုဂ္ဂိုလ်ဟူသမျှ ပစ္စေကဗုဒ္ဓါနှင့် ဘုရားမှတစ်ပါး ကျန်တဲ့ပုဂ္ဂိုလ် ဟူသမျှမှာဖြင့် တရားနာမှပဲ ရတယ် (မှန်ပါ့)။

တရားနာမှပဲ နှလုံးသွင်းမှန်နေမှပဲ ကျန်တဲ့ပုဂ္ဂိုလ်တွေ ရတယ်ဆိုတော့ ဘယ်သူ့ အကိုးအကားထုတ်လိုက်သတုံးလို့ မေးတော့ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ရှင်သာရိပုတ္တရာ ပါရမီဖြည့်လာတာ ရဟန္တာဖြစ်ဖို့ပေါ့ဗျာ.... (မှန်ပါ့) နည်းသလား ကိုဝ ကိုစံလှရေ.... (မနည်းပါဘုရား) မောင်နိုင် မနည်းဘူးပေါ့နော် (မှန်ပါ့)။

တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း-တဲ့၊တစ်ခါတည်း ဝိပဿနာတွေလုပ် အမျိုးမျိုးအဖုံဖုံ ပါရမီတွေ ဖြည့်လာလိုက်တာ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆိုတော့ ကိုဝ....ကျုပ်တို့ဖြင့် စိတ်တောင် မကူးရဲလောက်အောင်ပဲ (မှန်ပါ့)။

အဲဒီ ပုဂ္ဂိုလ်ကြီးတောင်မှ ရှင်အဿဇိဆိုတဲ့ ရဟန္တာပုဂ္ဂိုလ်က "**ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော၊ အာဟုတေသဉ္စ နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော**"ဆိုတဲ့ ဒီဂါထာကလေးမှ မကြားလိုက်ရလို့ ရှိရင်ဖြင့် တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းဟာ ကျွတ်တမ်းမဝင်နိုင်ဘူး (မှန်ပါ့) တစ်ခါတည်း သောတာပန်က စ,တည်ပြီး ရဟန္တာဖြစ်ဖို့ အကြောင်း မရှိဘူး (မှန်ပါ့)။

ကဲ....မောင်နိုင် တရားနာမှု ဘယ်လောက် အရေးကြီးတယ် ဆိုတာ ပေါ်ပလား(ပေါ်ပါပြီဘုရား)။

ဒါဖြင့်....တရားနာမှုမရှိဘဲနဲ့ ရတာ ဘယ်နှစ်ပါးသာ ရှိသတုံး (နှစ်ပါးသာရှိပါတယ်ဘုရား) ဘုရားရယ်, ပစ္စေကဗုဒ္ဓါရယ် (မှန်ပါ့) ကျန်တဲ့ပုဂ္ဂိုလ်ဖြင့် တရားနာရမှပဲ၊ ဒါကြောင့် ကိုယ်နဲ့လျှောက်ပတ်တဲ့တရားနာမှု ၁-နံပါတ်ဆိုတာ ရှင်သာရိပုတ္တရာက သေသေချာချာ ဟောခဲ့ တာပဲ နော် (မှန်ပါ့)။

ဒါဖြင့် ရှင်သာရိပုတ္တရာသည် ဒကာဒကာမတို့ တစ်သင်္ချိုနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသား (မှန်ပါ့) ပဥ္စဝဂ္ဂီငါးဦးထဲက အရှင်အဿဇိ-ဆိုတဲ့ ပုဂ္ဂိုလ်ကြီးလာတဲ့အခါမှာ သူဟာ ဒိဋ္ဌိအယူဝါဒနဲ့ပဲ မောင်နိုင် ရှိသေးတယ်နော်(မှန်ပါ့)။

သူကလဲ ဆွမ်းခံသွားတာပဲ၊ ဒိဋ္ဌိအယူဝါဒနဲ့ပဲ ဆွမ်းခံသွားတာပဲ၊ ဟိုကလဲ ရဟန္တာဖြစ်ပြီးသား ပုဂ္ဂိုလ် ဆွမ်းခံလာတာနဲ့ လမ်းဆုံတဲ့အခါမှာ သူက အရှင်ဘုရား၏ ဆရာဘယ်သူတုံး၊ အရှင်ဘုရားကို ဆရာဟောတဲ့တရားများဟာ ဘယ်တရားများ ဟောပါလိမ့်မလဲ မေးတော့ 'ယေဓမ္မာ ဟေတုပ္ပဘဝါ'ကို ဟောတာပဲနော်(မှန်ပါ့)။

ယေဓမ္မာ = အကြင် ရုပ်နာမ်ဓမ္မဟူသမျှသည်။ ဟေတုပ္ပဘဝါ= အကြောင်းကြောင့်ဖြစ်တာချည်းပဲ၊ သြော်....ဒါဖြင့် သူကရိပ်မိပြီ၊ ငါ့သန္တာန်မှာရှိတဲ့ ရုပ်နာမ်တွေဟာ အကြောင်းတရားကြောင့်ဖြစ်တော့ အကြောင်းချုပ်ရင် အကျိုးချုပ်မှာပဲဆိုပြီး ခန္ဓာဉာဏ် လှည့်လိုက်တယ်(မှန်ပါ့)။

ခန္ဓာဉာဏ်လှည့်လိုက်တော့ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ဆည်းပူးတဲ့ပါရမီကလဲ ဖွင့်ပေးမှာကလေး လိုနေသေးတဲ့ အတွက်သာ သူ အောင့်အည်း သည်းခံပြီး အညွန့်အညှောက် မပေါက်ဖြစ်ပြီးသကာလနေတော့ အခုလို 'ယေဓမ္မာ ဟေတုပ္ပဘဝါ'ဆိုတဲ့ အတိုင်း ဒီဂါထာကလေးကို သေသေချာချာ ဟောလိုက်သဖြင့် အကြောင်း ဖြစ်ချင် အကျိုး ဖြစ်တယ်၊ အကြောင်း ချုပ်ချင် အကျိုးချုပ်တယ် ဆိုတော့ ဒကာ ဒကာမတို့ အဖြစ်နဲ့အပျက်ကို သူ့ဉာဏ်ထဲ ထင်သွားတယ် (မှန်ပါ့)။

အဲဒီတွင် ဖြစ်ပျက်ဉာဏ် ထင်ပြီးသကာလ ဖြစ်ပျက်မှုန်း, ဖြစ်ပျက် အဆုံးကိုနာရင်းမတ္တနဲ့ ခန္ဓာဉာဏ် စိုက်လိုက်တာ ဒီနေရာတွင် သောတာပန်တည်တယ်.... (မှန်ပါ့) သဘောပါ ပလား (ပါပါပြီဘုရား)။

ဒါဖြင့် တရားနာမှုနဲ့ သူ-နှလုံးသွင်းမှန်မှု ကိုက်သွားတယ် (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တရားနာမှုရယ်, နှလုံးသွင်းမှန်မှုရယ်ကိုက်သွားတဲ့အတွက် အရှင်ဘုရား....ကြွနှင့်တော့ဘုရား၊ ဘုရားဘယ်မှာ သီတင်းသုံး နေသတုံး မေးတာပဲ၊ ဟာ.... ဘယ်မှာ သီတင်းသုံးတယ်၊ ဒါဖြင့် တပည့်တော် နောက်ကလိုက်ခဲ့ပါမယ်ဘုရား၊ တပည့် တော် မိတ်ဆွေ တစ်ယောက်နဲ့ ကတိထားတာ ရှိသေးတယ်ဆို တော့ အရှင်မောဂ္ဂလာန် အလောင်း ကောလိတ ပရိဗိုဇ်နဲ့ တရားထူးတွေ့ရင် ပြောကြစတမ်းဆိုတာ ရှိသေးတာကိုး.... (မှန်ပါ့)။

အဲဒါကြောင့် သူ့မိတ်ဆွေကို သွားခေါ်ချင်တဲ့အတွက် ချက်ချင်း လိုက်မသွားတာ၊ နို့မဟုတ်ရင် ချက်ချင်း လိုက်သွားတယ်နော်.... (မှန်ပါ့)။

ပြီးတော့.... သူ့ဆရာကြီး သိဥ္စည်းဆရာကြီးလဲ ရှိသေးတယ်၊ အဲဒီမှာ သူ-ပရိဗိုဇ်ဖြစ်ပြီးသကာလ နေတော့ ဩော်.... ဆရာကြီးလဲ လွှဲနေတယ်၊ တို့ဆရာကြီးတော့ သွားပြီးသကာလ ခေါ်ဦးမှပဲဆိုပြီးဆရာကြီးကိုလဲခေါ်ချင်တယ်၊ သူ-ကတိထားခဲ့တဲ့ ရှင်မဟာမောဂ္ဂလာန် အလောင်းကိုလဲ ခေါ်ချင်တဲ့အတွက် တစ်ခါတည်းပါမသွားတာ၊ နို့မဟုတ်ရင် တစ်ခါတည်း လိုက်သွားမှာ (မှန်ပါ့)။

ဒါနဲ့ ရှင်မောဂ္ဂလာန်အလောင်းနဲ့ တွေ့တဲ့ အခါမှာလဲ သူက ဒီတရားပဲ ဟောပြန်တာပဲ၊ ယေဓမ္မာ ဟေတုပ္ပဘဝါ = အကြောင်းဖြစ်ရင် အကျိုး ဖြစ်တာပဲဆိုတာကို သူ ဟောလိုက်တဲ့အတွက် သူလဲ ထို့အတူပဲ၊ တရားနာလို့ သောတာပန် တည်ပြန်တာပဲ.... (မှန်ပါ့)။

အဲဒီတော့....ကိုယ်နဲ့ လျှောက်ပတ်တဲ့ တရား ဆိုတော့ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်ဆိုတော့ ဘယ်တရားမဆို ဒကာဒကာမတို့ အဖြစ်နဲ့ အပျက်ပဲ ရှိတယ်ဆိုတာ သိပြီးသား မနေဘူးလား (နေပါတယ်ဘုရား)။

အဲဒီအဖြစ်နဲ့ အပျက်နဲ့ ဉာဏ်နဲ့ ကိုက်ကိုက် သွားရင် ဒါဟာ နှလုံးသွင်း မှန်တော့တာပဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ ဟပ်,ဟပ် သွားလို့ရှိရင်.... (နှလုံးသွင်း မှန်ပါတယ်ဘုရား)။

နှလုံးသွင်းမှန်လို့ရှိရင်ဖြင့် နာထားတဲ့တရားကလဲ ဒီအတိုင်း နှလုံးသွင်းလိုက်တော့လဲ ဒီအတိုင်းဆိုရင် ချက်ချင်း သောတာပန် တည်ပါတယ်တဲ့ ဒေဘာဒကာမတို့နော် .... (မှန်ပါ့ ဘုရား)။ နာထားတဲ့တရားကလဲ ဒီအတိုင်းပဲနော်။ (မှန်ပါ့ ဘုရား) နာထားတဲ့ တရားကလဲဖြစ်ပျက်ကို နာထားရတယ် ကိုယ့်ဉာဏ်မှာလဲ ဖြစ်ပျက်ပဲ ရှုကြည့်တော့ တွေ့လို့ ရှိရင် သောတာပန် တည်မှာ သေချာတယ်လို့ ဆုံးဖြတ်ချက်ချ၊ ဘာမှ သံသယမရှိနဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

နာထားရတဲ့ တရားကလဲ'အနိစ္စာဝတ သင်္ခါရာ' ဆိုတော့ ဘုန်းကြီးတို့ ဟောနေတော့ သင်္ခါရတရား ပျက်သည်ဆိုတော့ အဖြစ်နဲ့ အပျက်ပဲ မနေဘူးလား....(နေပါတယ်ဘုရား) ကိုယ် ရှုလိုက်တဲ့ အချိန်မှာလဲ ဒါပဲတွေ့မယ် ... (မှန်ပါ့) နာတုန်းက လဲ ဒီတရားပဲ နာထားတယ် (မှန်ပါ့) ကိုယ်ရှုလိုက်တဲ့အခါ ကော (ဒီတရားပဲတွေ့ပါတယ်ဘုရား) ဒီတရားပဲ တွေ့တယ် ဆိုရင် ကိုဝ, ကိုစံလှ ကိစ္စပြီးပြီသာအောက်မေ့ ... (မှန်ပါ့)။

နာထားတဲ့တရားနဲ့ ကိုယ်နှလုံးသွင်းလိုက်တာနဲ့ ကိုက်ထွက် သွားလို့ရှိရင်ဖြင့် ဂုဏ်ထူးနဲ့ နိဗ္ဗာန်မဝင်ချင်လို့ရှိရင် ပါရမီ တွေ ဘာတွေ ဒါလောက်မလိုပါဘူး၊ အခုဟာက ပဏ္ဍာသမှာ ဟောတော်မူတာ.... (မှန်ပါ့)သဘောကျဖလား– (ကျပါပြီ) ဒီအတိုင်းပဲ ဟောတယ်.... (မှန်ပါ့)။

ဒါ့ကြောင့် ဒကာဒကာမတွေ ဘုရားဟောတဲ့ ကျမ်းဂန်တွေ ကိုယ်တော်တိုင် ဟောတာတွေ ဖြစ်ပြီးသကာလ နေတဲ့အတွက် ဘုရားထောက်ခံတဲ့ ကျမ်းစာတွေ ဖြစ်ပြီးသကာလ နေတဲ့အတွက် တို့သည်ကားလို့ဆိုရင် ပုံ့ါရမီမှရှိရဲ့လား၊ လုပ်နေရတာကတော့ လုပ်နေရတာပဲ၊ ဒီဘ၀မှာ စ,နေတာများ ဖြစ်လေရော့သလား ဆိုပြီး ကိုယ့်သံသယ၊ ကိုယ့် ကုက္ကုစ္စ ကိုယ့်ကိုယ်တော့ဖြင့် မကန့်ကွက်ပါစေနဲ့ ဆိုတာ လေးလေးနက်နက် တားတယ်.... (မှန်ပါ့) ဘုန်းကြီးက တားတယ်.... (မှန်ပါ့)။

ဩော်....တို့ကလဲ သားနဲ့–သမီးနဲ့– ဆွေနဲ့–မျိုးနဲ့– အိမ်နဲ့ ရာနဲ့ ပျော်လိုက်, ပါးလိုက်နေခဲ့ကြရတော့ တို့ကတော့ဖြင့် အခုဆရာဘုန်းကြီးပြောသလောက်တော့ မလွယ်ဘူးထင်တယ် လို့ဆိုရင် ကိုယ့်ကိုယ်ကို သံသယကုက္ကုစ္စဖြစ်တာ.... (မှန်ပါ့) မောင်နိုင် သဘောကျပလား(ကျပါပြီဘုရား)။

ကိုယ့်ကိုယ်ကို ဘာတုံး.... (သံသယ ကုက္ကုစ္စ ဖြစ်တာပါဘုရား) ကိုယ့်ကိုယ်ကို သံသယ ကုက္ကုစ္စ ဖြစ်လို့ရှိရင် တရားရထိုက်ပါရဲ့သားနဲ့ ကို၀, ကိုစံလှ ကုက္ကုစ္စက တားလိုက်မယ် (မှန်ပါ့) ဦးခန့်တို့ ရိပ်မိလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေကိုလဲ သေသေချာချာ မှာပါတယ်၊ ကိုယ့်ကုက္ကုစ္စနဲ့ ကိုယ့်သံသယက ကိုယ့်တားလို့ ရှိရင် ဘုန်းကြီးများက တာ၀န်မယူဘူးပေါ့ဗျာ....(မှန်ပါ့)။

အခု ဘုရားဟောတော်မူတဲ့အတိုင်း ဘုန်းကြီးပြောသလို ရှင်မဟာကောဋ္ဌိက,ရှင်သာရိပုတ္တရာ **အမေးအဖြေမှာလဲ** သေ

သေချာချာ လိုလိုလောက်လောက်၊ နောက် ပေဠကောပဒေသမှာ ရှင်အာနန္ဒာ ဟောထားတာကလဲ ဘုရားက ထောက်ခံချက်ပေးလို့ သေသေချာချာ လိုလောက်တဲ့အတွက် ကိုယ့်သံသယကိုဖျောက်ဖို့ ကုက္ကုစ္စကို ဖျောက်ပြီးသကာလ ကြိုးစားမြဲ ကြိုးစားလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ရ-ရမှာပဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မမှာသင့်ဘူးလား ကိုဝရေ (မှာသင့်ပါတယ်)။

မှာသင့်တယ်၊ ဒကာ ဒကာမတွေက ဘယ်လိုလာတတ်သတုံးဆိုတော့ ဩော်.... သားနဲ့, မယားနဲ့ ဆွေနဲ့, မျိုးနဲ့, အရောင်းနဲ့,အဝယ်နဲ့ အခင်အမင်တွေကလဲ တန်းလန်း၊ မစွန့်နိုင်တာတွေကလဲ တပုံကြီး၊ ဒီကြားထဲကနေပြီး သကာလ ဒီနှစ်ချက်နဲ့ညီအောင်လုပ်လို့ရှိရင်တော့ လုပ်တော့လုပ်ရမှာပဲ ဖြစ်ဖို့ရာ လွယ်မှလွယ်ပါ့မလားဆိုတဲ့ ဝိစိကိစ္ဆာ မလာစေနဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပြီးတော့....တို့ကလဲ အကုသိုလ်တွေကလဲ များလိုက်တာ နောက်က နေခဲ့ထိုင်ခဲ့တာ မသိမှုတွေက အုပ်ချုပ်ပြီးသကာလ မသိအလုပ်တွေ ပုံနေခဲ့တယ်ဆိုပြီး အဲဒီကုက္ကုစ္စလဲ မလာစေနဲ့ (မှန်ပါ့)။

လာလို့ရှိရင်ဖြင့် အဲဒီဝိစိကိစ္ဆာနဲ့ကုက္ကုစ္စဆိုတာ တစ်နေ့က ပြောခဲ့ပါတယ် ဒကာဒကာမတို့ နီဝရဏတရားပဲ (မှန်ပါ့ဘုရား)။

သူတို့က လာတားတာလား ကိုယ်ကိုယ်တိုင်တွေးဆပြီး ကိုယ့်ဟာကိုယ် တားယူတာလား.... (ကိုယ့်ဟာကိုယ် တားယူ တာပါဘုရား)။

အဲ.... ကိုယ့်အတွေးအဆ ကိုယ်တားတာ ဖြစ်လေသော ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီအရှူးဖြင့် မထ, ပါနဲ့ဆိုတာ သတိပေးလိုက်ပါတယ်၊ ဒီ အရူး ထ,ခြင်းသည် ကိုယ်နစ်နာတဲ့ အရူးကိုးဗျ....(မှန်ပါ့)။

ဘာမှ သံသယမရှိပါနဲ့တဲ့၊ ဒကာဒကာမတို့ ဘယ်လောက် ပဲမူးလို့ ဘယ်လောက်ပဲရူးနေနေ ပဋ္ဌာနန္တရိယကံမရှိ၊ နိယတ မိစ္ဆာဒိဋ္ဌိရှိရင် ဒကာဒကာမတွေ ရနိုင်တာပါပဲလို့ ဆိုတာလဲ တစ်နေ့ကပဲ သေသေချာချာ ပြောပြခဲ့တယ် မဟုတ်လား.... (မှန်ပါ့ဘုရား)။

အဲဒီတော့ တို့ဟာ.... ငယ်ငယ်တုန်းက မသိမလိမ္မာတုန်း က မူးခဲ့ရူးခဲ့တယ်၊ဒါတွေအရေးမယူနဲ့၊ ဒါတွေ ဘာမှမဆိုင် ဘူး၊ ဒါတွေ ဘာမှမဆိုင်ပါဘူး၊ ရှေးတုန်းက အချို့ဘုရား ရှေ့မှာ ဒီအတိုင်းပဲ မူးနေကြတာပဲ၊ နောက်အခုပြောတဲ့ နှလုံး သွင်းမှန်ပြီးသကာလ ကိုယ်နဲ့လျော်တဲ့တရား နှလုံးသွင်းမှန်မှုနဲ့ ကြုံသွားတော့ကို ဒီအမူးတွေ အကုန်ပျောက်ပြီးသကာလ ဒါ တွေကို မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ ဖြတ် ချ လိုက် တာ ပါပဲ ဆိုတာ ဒကာဒကာမတွေ အထင်အရှားပဲ....(မှန်ပါ့)။

သန္တတိအမတ်ကြီးများ တစ်နေ့လုံးမူးနေတာ တစ်နေ့လုံး မူးပြီး နောက်မှသံဝေဂရပြီး ဘုရားက တရားဟောလိုက်တဲ့ အခါကျတော့ အတိတ်လဲမတွေးပါနဲ့၊ အနာဂတ်လဲ မတွေး

ပါနဲ့၊ ပစ္စုပ္ပန်အရေးသာ နှလုံးသွင်းမှန်အောင်လုပ်လိုက်စမ်း ပါဆိုတော့ တစ်ခါတည်း သောတာပန်ကနေတက်ပြီးတော့ ရဟန္တာဖြစ်တာပါပဲ....(မှန်ပါ့)။

ကံကြီးမဟုတ်တာတွေကို ခင်ဗျားတို့က အလကားနေရင်း အတွေးထုတ်ပြီးသကာလ ကုက္ကုစ္စဖြစ်ခဲ့သော် ကိုယ့်ကုက္ကုစ္စက ကိုယ့်ကိုတားတယ်....(မှန်ပါ့)။

ကုက္ကုစ္စတရားကို တစ်နေ့က ဘုန်းကြီးက ဘယ်လိုဟောခဲ့ သတုံး၊ မောင်နိုင်တို့ မှတ်မိပါလိမ့်မယ်၊ နီဝရဏတရား....တဲ့၊ မဟောခဲ့ဘူးလား....(ဟောခဲ့ပါတယ်ဘုရား)။

နီဝရဏတရား ဆိုတာက သူများလုပ်တဲ့ နီဝရဏတရား လားလို့မေးတဲ့အခါ ကိုယ့်ဟာကိုယ် သတ်စေဆိုတဲ့ နီဝရဏ (မှန်ပါ့)။

မောင်နိုင် သူများလုပ်တာလား (မဟုတ်ပါဘုရား) ကိုယ့် ဟာကိုယ်သတ်စေ (မှန်ပါ့) ကိုယ့်တွေးလုံးကကိုယ့်နှိပ်စက်တာ သဘောကျပလား....(ကျပါပြီဘုရား)။

ဥပမာမယ် ဒကာဒကာမတွေပေါ့လေ ... သားက နေရာ မကျ၊ သမီးကနေရာမကျလို့ အမေလုပ်တဲ့ ပုဂ္ဂိုလ်, အဖေ လုပ်တဲ့ ပုဂ္ဂိုလ်က အိပ်ရာထဲတွင် ဟိုက သားသမီးတွေက တော့ အိပ်နေကြတာပဲ၊ ဒီနားမှာလဲ သားက အိပ်နေ–သမီး ကလဲအိပ်နေ ကိုယ်ကတော့ တွေးလုံးထုတ်ပြီး မျက်ရည်ကျ တာတော့ မတတ်နိုင်ဘူး (မှန်ပါ့ဘုရား) သူတို့ကလုပ်တာလို့ ဆိုလို့ရရဲ့လား.... (မရပါဘုရား)။

သူတို့နှစ်ယောက်က သားကလဲအိပ်နေ၊ သမီးကလဲ အိပ်နေတယ်၊ ကိုယ့်ဟာကို အမေက တွေးလုံးထုတ်ပြီးသကာလ သံသယ ကုက္ကုစ္စဖြစ်နေတာတော့ ဒါဘယ်သူမှ မတတ်နိုင်ဘူး (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ယနေ့မှာတဲ့ဥစ္စာ လေးလေးနက်နက် မှတ်ကြပါဆိုတာ နှစ်ချက်တည်း ပြောတဲ့အတွက် မမှတ်စရာလဲ မရှိပါဘူးနော်....(မှန်ပါ့)။

၁-နံပါတ်က ဘာပါလိမ့်-(ကိုယ်နဲ့လျောက်ပတ်တဲ့တရား နာရပါမယ်)၊ ၂-နံပါတ်က ဘာပါလိမ့် (နှလုံးသွင်းမှန်ဖို့ပါဘုရား)။

အဲ....လျောက်ပတ်တဲ့တရားနာတာနဲ့ နာတဲ့ တရားနဲ့ ကိုယ်ရှုလိုက်တဲ့အခါမှာ တစ်ထပ်တည်းဖြစ်သွားလို့ရှိရင် မောင်နိုင်ပြီးတာပဲ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ဘာပါရမီ လိုသေးသလဲလို့ မေးဖို့ လိုသေးသလား(မလိုပါဘုရား)မလိုရင် ဒီနှစ်ချက် ပြည့်စုံရင် သမ္မာဒိဋ္ဌိဖြစ်တော့တာပဲဆိုတာ ရှင်သာရိပုတ္တရာက ဖြေတယ်၊ ဖြေတဲ့ ပုဂ္ဂိုလ်ကလဲ တရားနာမှုဆိုတာ သူကိုယ်တိုင်နာခဲ့လို့ သောတာပန်တည်တာ(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီလိုနာလို့ ရှင်အဿဇိဟောတဲ့အတိုင်း ခန္ဓာထဲမှာ နှလုံးသွင်းကလဲ ဖြစ်ပျက်နဲ့ မဂ်နဲ့ဟာ ကိုက်မသွားဘူးလား (ကိုက်သွားပါတယ်ဘုရား)။

အဲဒီလိုတွေသွားတော့ သူကိုယ်တိုင်လဲ ဒီတရားကို နာရတယ်၊ သူကိုယ်တိုင်လဲနှလုံးသွင်းမှန်နဲ့နှလုံးသွင်းလိုက်တယ်၊ ဒါ

ကြောင့် သူကိုယ်တိုင်ပဲ သောတာပန်တည်တယ်.... (မှန်ပါ့) သဘောကျပလား(ကျပါပြီ) ရှင်းပလား(ရှင်းပါပြီဘုရား)။

ဒါ့ဖြင့် ဒကာဒကာမတို့ အင်မတန်မှလဲကျမ်းကြီးကျမ်းဂန် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာကိုလဲ ပြောပြန်၊ ရှင်သာရိပုတ္တရာ ကိုယ်တွေ့ကိုလဲ ပြောပြန်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ သာရိပုတ္တရာ, မောဂ္ဂလာန်တို့တောင်မှ ကွာ.... ရှင်အဿဇိနဲ့မတွေ့၊ ဘုရားနဲ့ မတွေ့ခဲ့သည်ရှိသော် တစ်သချေ်နဲ့ကမ္ဘာတစ်သိန်းကာလပတ်လုံး လက်ဝဲရံ လက်ယာရံဖြစ်ဖို့ ဆုတောင်းပြီးသားလုပ်ခဲ့တဲ့အလုပ်တွေဟာကျွတ်တမ်းမဝင်သေးဘဲ ဖြစ်နေဦးမှာ....တရားမနာရင်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဤနှစ်ချက်ကိုဖြင့် မသေမချင်း မှတ်ဖို့ပါပဲ (မှန်ပါ့) မသေမချင်း မှတ်ပြီးသကာလ သြော်....သောတာပန်ဟာ ပြောသံကြားဖူးတာက ဒါနအစ၊သီလအလယ်၊ သမထဝိပဿနာအဆုံးလို့ ဒီလိုကဆိုထားတယ်၊ ဒါတွေက ဆုကြီးပန်တွေဆိုပါတယ်....(မှန်ပါ့ဘုရား)။

အခု နိဗ္ဗာန်ရလို့ အခုယူမည့်ပုဂ္ဂိုလ် ကို၀၊ ကိုစံလှ မလိုပါဘူး....(မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဘာမှ မလိုလှဘူး၊ဒီနှစ်ခုပဲလိုတာကိုဖြင့် လေးလေးနက်နက် မှတ်ဖို့ပါပဲ.... (မှန်ပါ့)။

ဟာ....ဘုန်းကြီးကခိုင်လုံအောင်ပြောနေတာလို့ ဒီလိုအယူမရှိပါနဲ့၊ သေသေချာချာ ရှင်သာရိပုတ္တရာနဲ့ ရှင်ကောဏ္ဍိကအမေးအဖြေကိုလဲ ထောက်ပြသဖြင့်လည်းကောင်း၊ သာရိ

ပုတ္တရ မောဂ္ဂလာန်တို့တောင် တရားမနာလို့ရှိရင် တစ်သချေ်နဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသားပင် ကျွတ်တမ်း မဝင်နိုင်သေးဘူး၊ ကိုယ်နဲ့လျော်ကပ်တဲ့တရား နှလုံးသွင်းမှန်မှု ရှိလို့ရှိရင် ရပါတယ် ဆိုတဲ့ အကြောင်းကို ပေဋကောပဒေသ ပါဠိတော်မှာဟောထားတဲ့အတွက် သံသယရှိစရာ မောင်နိုင်တို့၊ ကိုစံလှတို့ လိုသေးသလား (မလိုပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခုနင်က ဘုန်းကြီးပြောတဲ့အချက်ကလေးဟာ ဒကာ ဒကာမတို့အပေါ်၌ အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား)။

ငါတို့က နေခဲ့ထိုင်ခဲ့တာ နေရာမကျဘူး၊ ဒီလို မလာနဲ့ ဘာမှကိစ္စမရှိဘူး၊ သဘောကျပလား (ကျပါပြီ) ငါတို့က စာမတတ်ဘူး၊ ဒီလိုလဲ မလာစေနဲ့ (မှန်ပါ့)။

ဘုန်းကြီးပြောတဲ့ ဝေဒနာကို နားလည်ရင်၊ စိတ်ကို နားလည်ရင်၊ ရုပ်ကို နားလည်ရင်၊ သစ္စာကို နားလည်ရင် ဒါ....စာတွေပါပဲ (မှန်ပါ့) နားလည်ထားတာက စာတတ်နေတာပဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

နားလည်ထားတာက ဘာပါလိမ့်.... (စာတတ်နေတာပါဘုရား)။

အဲဒီတော့ ငါတို့က စာမတတ်ဘူးလို့ ခင်ဗျားတို့ ပြောနေတာက ကိုယ်စာတတ်ထားတာမှ စာတတ်တယ်လို့ ကိုယ်မသိတဲ့အဓိပ္ပာယ်ကော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ခင်ဗျားတို့ သင်္ဂြိုဟ်စာအုပ်ကြီး ပြာချပြီးမျိုမှ စာတတ်လို့ ထင်နေရင်တော့. ခက်တယ်.... (မှန်ပါ) ဒီလို မဟုတ်ပါဘူး ဒကာဒကာမတို့.... သေသေချာချာသာ ခန္ဓာထဲမှာ တရား နာကတည်းက တရားနာတယ်ဆိုတာ အဲဒါ စာတတ်သွား တာပဲ (မှန်ပါ)။

တရားနာရလို့ရှိရင်ဖြင့် ဩော်....ဒါဝေဒနာပဲ၊ ဒါ ဖြစ် ပျက်ပဲ၊ ဒါစိတ်ပဲ၊ စိတ်ဟာလဲ ခဏ ဝယ–ဆိုတဲ့ ဖြစ်ပျက်မှာ လမ်းဆုံးတာပဲ၊ ဒုက္ခသစ္စာဆိုတာလဲ ခဏခဏ ဖောက်ပြန် ပျက်စီးတာပဲ၊ ရုပ်ဆိုတာလဲ ပျက်စီးတာ ရုပ်ခေါ်တာပဲ ဆို တော့ ဒါတွေဟာ ခင်ဗျားတို့ စာတတ်နေတာတွေပေါ့ဗျာ (မှန်ပါ့ဘုရား)။

တရားနာတာဟာလဲ စာသင်ပြီးသကာလနေတာ၊စာတတ် ပြီးသားဆိုတာလဲ ကိုယ့်ဟာကိုယ် မသိရဘူးလား ... (သိရပါ တယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို ဟို .. နမောတဿကစ၍ မင်းတို့ ဘုရားရှိခိုး စ,စမ်းပါဆိုတော့ ဩကာသ မပါတာနဲ့ ခင်ဗျား တို့က ဘုရားရှိခိုး မဟုတ်ဘူးထင်နေရင်လဲ ခက်ကြလိမ့်မယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဩကာသမပါတဲနဲ့ ဘုရားရှိခိုးကို ကျုပ်ဖြင့် မခိုးရသေးဘူး လို့ ထင်နေတာ ဩကာသဆိုတာ ဘုရားရှိခိုးပါရစေ အခွင့် တောင်းတာ၊ ခိုးသေးတာမဟုတ်ဘဲ (မှန်ပါ)ခိုးလာတဲ့အခါ တော့ ဣတိပိသောကျမှ ခိုးတဲ့ဥစ္စာပဲ၊ ဩကာသမပါလို့ ဘုရား

ရှိခိုးမဖြစ်ဘူးဆိုလို့တော့ မဖြစ်ဘူး.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါ....ခင်ဗျားတို့ ချွတ်ယွင်းချက်တွေ ပြောသံကြား လူကြီး မိဘတစ်ဆင့်ကြားတွေနဲ့ လမ်းဆုံးနေမှာစိုးလို့ အမြစ်အရင်း ဖော်ပြီး ပြောပါတယ်ဆိုတာကိုလဲ သေသေချာချာမှတ်ပါ.... (မှန်ပါ) ပြောသံကြားနဲ့ လမ်းဆုံးမှာ သိပ်ကြောက်စရာ ကောင်းလွန်းလို့ပါ... (မှန်ပါ) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ သောတာပန်တည်ချင် လို့ ဂုဏ်ထူးဆောင် နိဗ္ဗာန်မဝင်ချင်ခဲ့သော် အပါယ်လေးပါး တံခါးပိတ်ပြီး ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုသာလိုချင်ရင် ဘယ်နှစ်ချက်ပါလိမ့် (နှစ်ချက်ပါ ဘုရား) ဘာပါလိမ့် (ကိုယ်နဲ့လျောက်ပတ်တဲ့ တရားကို နာရ မယ်၊ နှလုံးသွင်းမှန်ရပါမယ်ဘုရား)။

ဒီနှစ်ခုရှိရင် ဒကာဒကာမတို့ သမ္မာဒိဋ္ဌိ ဖြစ်တာပဲ.... (မှန်ပါ) သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပြီဆိုတော့ သမ္မာဒိဋ္ဌိ ပုဗ္ဗင်္ဂမာလို့ မဟာစတ္တာလီသကသုတ်မှာ သမ္မာဒိဋ္ဌိက ရှေ့ပြေးပါကွာ-တဲ့ ကျန်တာတွေက သူ့နောက်လိုက်သာ မှတ်လိုက်ပါတဲ့ ဆိုတာ ဟောတဲ့နေရာမှာလဲ ရှိနေလို့ သမ္မာဒိဋ္ဌိတစ်လုံး ကိုင်လိုက်သဖြင့် မဂ္ဂင်ရှစ်ပါး၏ ခေါင်းဆောင်လို့ မှတ်လိုက်ကြပါ.... (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

မောင်နိုင် ကြိုးစားဖို့အရေး တို့အရေးပါကွာ (မှန်ပါ) ဒီ နှစ်ချက်ညီဖို့ အရေးသည် တစ်ချက်ဟာ ဒကာဒကာမတို့

ဘုန်းကြီးက ကူညီထားတယ်၊ နောက်တစ်ချက် နှလုံးသွင်းမှန်မှုကလေးကို ခင်ဗျားတို့ ခန္ဓာကိုယ်ဉာဏ်နဲ့သာ တည့်အောင်တည့်ပေးလိုက်ပါ၊ တည့်ပေးလိုက်တဲ့ အခါကျလို့ရှိရင် အပျက်နဲ့ မဂ်နဲ့သာ ကိုက်သွားရင် ကိုဝ ဘာလိုသေးသတုံး (မလိုပါဘုရား) မလိုတော့ဘူးဆိုတာ သေချာပလား.... (သေချာပါပြီ)။

အဲဒါကြောင့် ပါရမီတွေ ဘာတွေဆိုတဲ့ဥစ္စာ ပါရမီဆိုတာ တစ်စတစ်စ ဖြည့်ရတယ်ကွ၊ ဟုတ်တယ်တဲ့ ဂုဏ်ထူးဆောင် အဖြစ်နဲ့ နိဗ္ဗာန်ဝင်ချင်ရင် ဘာလုပ်ရမလဲ (ပါရမီဖြည့်ရမယ်ဘုရား) နိဗ္ဗာန်ရရင်ပြီးတာပဲ၊ နိဗ္ဗာန်ဟာ တစ်မျိုးတည်းရှိတာပဲ၊ ရတဲ့နည်းနဲ့ယူမယ် ဆိုလို့ရှိရင်ဖြင့် သိပ်မလိုလှပါဘူး (မှန်ပါ) လိုသေးသလား (မလိုပါဘုရား)။

တို့က စာမတတ်၊ ပေမတတ်နဲ့ လို့ကော ဆိုချင်သေးသလား (မဆိုချင်ပါဘုရား) တရားနာတာဟာ ဘာဖြစ်နေတာတုံး (စာတတ်နေတာပါ) ခန္ဓာပေါ်မှာ မှတ်တာဟာ စာတတ်အစစ်ပါ....(မှန်ပါ) သဘောကျပလား ...(ကျပါပြီ)။ စာအုပ်ထဲဘတ်နေတာကလိုရင်းမဟုတ်ပါဘူး(မှန်ပါဘုရား)။

ပေါဋ္ဌိလမထေရ်ကြီးဟာ ပိဋကတ်သုံးပုံဆောင်ပြီး စာအုပ်ထဲတတ်တဲ့ အတတ်မျိုးလောက်ဖြစ်နေလို့ ဘုရားဆီလာတိုင်း တုစ္ဆပေါဋ္ဌိလ၊ မောဃပေါဋ္ဌိလလို့ အခေါ်ခံရပါတယ်။ မဟုတ်ဘူးလား (မှန်ပါဘုရား)။

အဲဒီတော့ သူဟောတဲ့ နေရာမှာ အားမထုတ်လို့ ရှိရင် ဘယ်နည်းနဲ့မှ မင်း မဂ်ပညာမရဘူး၊ ခန္ဓာကိုယ် ကြည့်ပြီးအား

ထုတ်မှရမယ်၊ အားမထုတ်လို့ရှိရင် မဂ်ပညာ ဘယ်နည်းနဲ့မှ မရဘူးလို့ သူ့ကိုပဲ ဟောတာပဲ (မှန်ပါ့ဘုရား)။

ပိဋကတ်သုံးပုံဆောင်ကြီးကို ဟောတာပဲ....(မှန်ပါ့ဘုရား) ပိဋကတ်သုံးပုံဆောင်ချည်း ဘဝများစွာ ဖြစ်ခဲ့တယ် သူဟာ.... (မှန်ပါ့) ဒါကြောင့် ခန္ဓာကိုယ်ထဲ ယောနိသောမနသိကာရနဲ့ နှလုံးမသွင်းလို့ရှိရင် မင်းရထားတာတွေ အကုန်ဟာ အမှတ်သညာသာ ဖြစ်တယ်၊ ပညာမဖြစ်ဘူးလို့ သေသေချာချာ ဟောတာပဲ(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ တို့အတွက်မှာဖြင့် သံသယကိုလဲ ရှင်းပေးတာ ဓိဆရာပဲဆိုတာ ကိုဝ ကျေနပ်ပလား (ကျေနပ်ပါပြီ)သူပြော လူပြောစကားတွေ နားမယောင်ပါနဲ့၊ ဖျက်ပစ်ပါဆိုတာကော ဒီဆရာက သေသေချာချာ ပြောနေတာပဲ (မှန်ပါ့) ပြီးတော့ ရှင်မဟာကောဋ္ဌိကနဲ့ ရှင်သာရိပုတ္တရာတို့ ကိုယ်တိုင် တရားနာပြီး ကိုယ်တိုင် နှလုံးသွင်းခြင်းကြောင့် သူတို့ကိုယ်တိုင်ရပြီး သူတို့ဖြစ်စဉ် အမှန်ပြောတာကိုလဲ ခင်ဗျားတို့ကို ဆရာဘုန်းကြီးက မူလပဏ္ဏာသပါဠိတော် ထုတ်ပြောပြီ (မှန်ပါ့ဘုရား)။

'ပေဋကောပဒေသ' ပါဠိတော် လာတာကိုလဲ ထုတ်ပြောတဲ့အတွက် ခင်ဗျားတို့က ဘာမှ မသိတဲ့လူက သူများပြောသံကြားနဲ့ဆင်ခြေလဲပြီး ကိုယ့်သံသယနဲ့ကိုယ့်ကုက္ကုစ္စက ကိုယ့်ကို မနှိပ်စက်ပါစေနဲ့ဆိုတာ လေးလေးနက်နက် တားတယ်... (မှန်ပါ့) မတားထိုက်ဘူးလား (တားထိုက်ပါတယ်) သဘောပါပြီနော်....(ပါ,ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ ဟောကြပါစို့တဲ့၊ ခင်ဗျားတို့ကိုယ်နဲ့ လျောက်ပတ်တဲ့ တရားကဖြင့် ပါရတော့ မှာပဲ(မှန်ပါ) တရားဆိုတာလဲ နောက်ဆုံးပိတ်မှာ ဒကာ ဒကာမတို့ မှတ်လိုက် ပိဋကတ်သုံးပုံကို ကိုဝ အကျဉ်းချုံး လိုက်တယ် (မှန်ပါ) ပိဋကတ်သုံးပုံကို အကျဉ်းချုံးလိုက်ရင် ဖြင့် ဖြစ်ပျက်ပဲရှိတယ် (မှန်ပါ) သဘောကျပလား.... (ကျပါ ပြီဘုရား)။

ပိဋကတ်သုံးပုံကို အကျဉ်းချုံးလိုက်ရင် (ဖြစ်ပျက်ရှိပါ တယ်) အဲ....အနိစ္စပဲရှိတယ်၊ ဒုက္ခပဲရှိတယ်၊ အနတ္တပဲရှိတယ်၊ အနိစ္စလဲ ဖြစ်ပျက်ပဲ၊ ဒုက္ခလဲ ဖြစ်ပျက်ပဲ၊ အနတ္တလဲ ဖြစ်ပျက်ပဲ။

အဲဒီတော့ ပိဋကတ်သုံးပုံကို အကျဉ်းချုံးပြီး သကာလ စာတွေသင်ထာ ဘယ်ကမ်း ဘယ်သောင် ဘယ်ဆိပ်ကမ်း ဆိုက်ချင်လို့လဲ မေးရင် အနိစ္စ, ဒုက္ခ, အနတ္တ ဆိုက်ချင်လို့ သင်ကြတာ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဒါကြောင့် ပိဋကတ်သုံးပုံ ချုံးလိုက်တော့ ဘယ်မှာ လမ်း ဆုံးသွားပါလိမ့်.... (ဖြစ်ပျက်မှာ လမ်းဆုံးပါတယ်) ဖြစ်ပျက် ဆိုတဲ့ အနိစ္စ, ဒုက္ခ, အနတ္တမှာ လမ်းမဆုံးဘူးလား (ဆုံးပါ တယ်) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီဖြစ်ပျက်ဟာလဲတဲ့ ဘယ်မှာ လမ်းဆုံးသလဲ ဆိုတော့ မပျက်တဲ့ဆီမှာ လမ်းဆုံးတယ် (မှန်ပါ) ဖြစ်ပျက်ဟာ ပိဋ ကတ်သုံးပုံ၏အဆုံးကဖြစ်ပျက်၊ ဖြစ်ပျက်၏အဆုံး နိဗ္ဗာန်ဆိုတဲ့ ဘယ်သူလုပ်လို့မှမဖြစ်၊ ဘယ်သူဖျက်လို့ မပျက်တဲ့ နိဗ္ဗာန်မှာ

သွားပြီးလမ်းဆုံးတယ်(မှန်ပါ့) ဒါကောသဘောကျပလား....
(ကျပါပြီဘုရား)။

ဒါလဲ အခုပြောတဲ့စကားနှစ်ခွန်းပဲ ရှိပါသေးတယ်၊ ဒကာ ဒကာမတွေ အရေးမကြီးတာကို ကိုဝ တစ်ချက်မှ မပါဘူး.... (မှန်ပါ့) ပိဋ္ဌကတ်သုံးပုံကို အကျဉ်းချုံးလိုက်ရင် ဘာတွေ သလဲ (ဖြစ်ပျက်ပါဘုရား)။

ပိဋ္ဌကတ်သုံးပုံ၏ အဆီအနှစ် ထုတ်လိုက်တော့ ဖြစ်ပျက်ပဲ တွေ့ရတယ် (မှန်ပါ့) အဲဒီဖြစ်ပျက်ကို တစ်ခါ ဖြစ်ပျက်သည် ကား ဆိုလို့ရှိရင် ဘယ်မှာ စခန်းသတ်မှာတုံးလို့ မေးလို့ရှိရင် မဖြစ်မပျက်တဲ့ဆီမှာ ဘာတုံး....(စခန်းသတ်ပါမယ်) မဖြစ် မပျက်တဲ့ဆီဆိုတာ ဘယ်သူလုပ်လို့မှ မဖြစ်တာက နိဗ္ဗာန်ပဲ (မှန်ပါ့) ဘယ်သူဖျက်လို့မှ မပျက်တာ (နိဗ္ဗာန်ပါဘုရား)။

အဲ....မဖြစ်မပျက်တဲ့ နိဗ္ဗာန်မှာ လမ်းဆုံးတယ် ဆိုသဖြင့် သြော်....တို့သည် ဖြစ်ပျက်မြင်ကတည်းက ပိဋ္ဌကတ်သုံးပုံ တို့ အထဲရောက်ပြီဟ (မှန်ပါ့) ဆိုနိုင်ကြပလား (ဆိုနိုင်ပါတယ် ဘုရား)။

ဖြစ်ပျက်မြင်ကတည်းက....(ပိဋ္ဌကတ်သုံးပုံ တို့ အထဲရောက် ပါပြီဘုရား)။

ဒါဖြင့် ဗိဋ္ဌကတ်သုံးပုံ ရောက်လာလို့ရှိရင် အဲဒီ ပိဋ္ဌကတ် သုံးပုံကို ဒကာဒကာမတွေက အဆုံးလိုက်,လိုက်၊ ဖြစ်ပျက် အဆုံးလိုက်–လိုက်.... (မှန်ပါ့) အဆုံးလိုက်တဲ့ အခါကျတော့ အခု ဖြစ်ပျက်ကတော့ အကြောင်းဖြစ်လို့ အကျိုးဖြစ်ရရှာ တယ်၊ အကြောင်းပျက်လို့.... (အကျိုးပျက်ရပါတယ်ဘုရား)။

ဩော်....အခုဟာကတော့ဖြင့် အကြောင်းအကျိုး ဆက်ပြီး သကာလ ဖြစ်ပျက် ဖြစ်ရတာ၊ နိဗ္ဗာန်ဆိုတဲ့ တရားက ဘယ် အကြောင်းကမှ တည်ထောင်တာ မဟုတ်သောကြောင့်လဲ ဘယ်သူ့ကြောင့်မှ မဖြစ်တဲ့တရားဟာ ဘယ်သူကသွားဖျက်လို့ ကော (မရပါဘုရား)။

အဲဒါကြောင့်ဖြစ်ပျက်ကမဖြစ်မပျက်တဲ့ဆီရောက်ကြောင်း ကြိုးစားပါဆိုတဲ့ ဥစ္စာကိုလဲ ပိဋကတ်သုံးပုံ တတ်ပြီးသား ပုဂ္ဂိုလ်တွေကို အဲဒီအရောက်သွားပါဆိုတာကိုလဲ တိုက်တွန်း ရပြန်တယ် (မှန်ပါ) သဘောပါပလား (ပါပါပြီဘုရား) အင်မတန် အရေးကြီးတဲ့ အချက်တွေဆိုတာ ပေါ်ပလား (ပေါ်လာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ မူလတရားကို ပြန်ပြီး သကာလ ကျုပ်တို့ အလုပ်ခွင်ထဲ သွင်းကြပါစို့ ဆိုတော့ သိကြားမင်းနဲ့ မြတ်စွာဘုရားနဲ့ မေးကြ ဖြေကြတာတွေဟာ ဒကာဒကာမတွေ လိုရင်းတွေပြောနေတဲ့ အတွက် အဲဒါ မပါ သေးဘူးပေါ့ဗျာ....(မှန်ပါ)။

သိကြားမင်းက '**ကိတ္တာဝတာနုခေါ ဘန္တေ ဘိက္ခု တဏှာသင်္ခယ ဝိမုတ္တော ဟောတိ**' စသည်ဖြင့် ပါဠိကလေးနဲ့မေးလိုက် တယ်၊နိဗ္ဗာန်ကိုအမြန်ဆုံး ရောက်နိုင်တဲ့ တဏှာကုန်တဲ့တရားကို ဟောပါဘုရား....တဲ့၊ နိဗ္ဗာန်ဟာ တဏှာကုန်မှ ရောက်ကြမှာ ကိုး....(မှန်ပါ)။

အဲဒီတော့ နိဗ္ဗာန်ကိုအမြန်ရောက်တဲ့တရား၊ တဏှာချုပ်တဲ့ တရားကို တပည့်တော်အားဟောပါဘုရား....တဲ့၊ စင်စစ် အဲဒီ

တဏှာချုပ်တဲ့ နေရာဆိုတာ 'ခယ ဝယ'ကို လွန်ပါပြီတဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာချုပ်တဲ့ နေရာမှာ ခယ ဝယ သဘော ရှိသေးရဲ့လား (မရှိပါဘုရား) အဲ....တဏှာချုပ်တဲ့ နေရာမှာ ခယ ဝယ ဆိုတဲ့ သဘော မရှိဘူး၊ ခယ ဝယ ကတော့ ကျုပ်တို့ သခါရနယ်မှာသာ ရှိတယ် (မှန်ပါ့)။

သခ်တကျတော့ ခယဝယ ရှိသေးရဲ့လား (မရှိပါဘုရား) မရှိတော့ပါဘူး ဒကာဒကာမတို့.... နိဗ္ဗ ဓုဝသာ ရှိပါတော့တယ်၊ ခယ ဝယ မရှိဘူး (မှန်ပါ့)။

အစွန္တနိဋ္ဌော....တဲ့၊ စင်စစ် ခယ ဝယကို လွန်ခဲ့တဲ့ နိဗ္ဗာန် အစွန္တေ- ယောဂက္ခေမိ....တဲ့၊ စင်စစ် ယောဂ လေးပါးကို ကုန်စေနိုင်တယ်ဆိုတော့ အာသဝနဲ့ ယောဂ အတူတူပါပဲ.... (မှန်ပါ့ဘုရား)။

စင်စစ်.... မြတ်သောအကျင့် မြဲတာ၊ မြတ်သောအကျင့် မြဲ.... ဆိုတာ မဂ္ဂင်ရှစ်ပါး ခန္ဓာကိုယ်ထဲ ရောက်မှကျုပ်တို့မှာ တရားဟာ မြဲတယ်နော်....(မှန်ပါ့)။

နို့မဟုတ်လို့ မဂ္ဂင်ရှစ်ပါး မရောက်သေးလို့ရှိရင် ဒီဘဝမှာ ဥပမာမယ် ၁၅-နှစ် ၁၆-နှစ်မှာ ဗုဒ္ဓဘာသာ ဒါပေမယ့် အနှစ် ၂၀-လောက်မှာ ဘာသာခြား ဖြစ်သွားနိုင်သေးတယ်၊ မဂ္ဂင်ရှစ်ပါး ဝမ်းထဲ မရောက်သေးလို့ရှိရင် (မှန်ပါ့)။

ဒါ့ကြောင့် အစ္စန္တဗြဟ္မစာရီ....တဲ့၊ စင်စစ် တကယ်တမ်း ခန္ဓာကိုယ်ထဲမှာ ဒီတရားမြဲတာ အဲဒါကိုလဲ သူလိုချင်ပါတယ်တဲ့....(မှန်ပါ့)။

သောဠေဿဒေဝ မနုဿာနံ-တဲ့၊ နတ်-လူတို့ထက် မြတ်တဲ့ တရားဆိုတာလဲ ဒကာဒကာမတွေ နိဗ္ဗာန်လို့ မှတ်ထားလိုက်ပါ (မှန်ပါ့)။

နတ်တို့ထက် အဆပေါင်းများစွာ မြတ်တဲ့ နိဗ္ဗာန်ကို တပည့်တော် အမြန် လိုချင်ပါတယ်ဘုရား၊ တဏှာကုန်ပြီး သကာလတဲ့ (မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ‘သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယ’ လို့ ဟောလိုက်တယ်၊ အလုံးစုံ ခန္ဓာ အာယတန ဓာတ်တို့ ရှိကြပါတယ်၊ အဲဒါတွေကို တဏှာ, မာန, ဒိဋ္ဌိ မစွဲလမ်းလို့ ရှိရင်ရပါတယ်တဲ့၊ သဘောကျပလား (ကျပါပြီဘုရား) ခန္ဓာ အာယတန ဓာတ်တွေကို တစ်ခုခု ရှုထားပေါ့လေ နော် (မှန်ပါ့) အဲဒါ တဏှာ, မာန, ဒိဋ္ဌိ, နောက်က မလိုက်ရင် (ရပါတယ်ဘုရား)။

အဲဒီရတာတွေဟာ အများသဘော ဟောတာတဲ့၊ သေသေချာချာ ပြောရမယ်ဆိုလို့ရှိရင် ဝေဒနာသုံးပါးသာ လှည့်ရှုပါ၊ ဒီမှာ နိဂုံးချုပ်တာပဲ (မှန်ပါ့)။

ဒကာဒကာမတွေ သိကြွားမင်းကို ဘယ်ဟာကို အရှုခိုင်းပါလိမ့် (ဝေဒနာသုံးပါးကို အရှုခိုင်းပါတယ်ဘုရာ)။

**ယံ ကိဉ္စိ ဝေဒနာနံ ဝေဒယတိ၊ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။**

**သောတာသု အနိစ္စာနုပဿီ ဝိဟရတိ၊ ဝိရာဂါနုပဿီ ဝိဟရတိ၊ နိရောဓာနုပဿီ ဝိဟရတိ၊ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ။**

ဒီတရားတွေကိုသာ ဒီ ဝေဒနာသုံးမျိုးကိုသာ ကျင့်ပြီး သကာလ နေလို့ရှိရင်.... တောင့်တတဲ့ တဏှာ သေသွားပါ တယ်၊ တောင့်တတဲ့ တဏှာသေလို့ရှိရင် 'န စ ကိဉ္စိ လောကေ ဥပါဒိယတိ... တဲ့၊ တဏှာသေရင် ဥပါဒါန် မလာဘူးကွ-တဲ့၊ (မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

န စ ကိဉ္စိ လောကေ ဥပါဒိယတိ=တစ်စုံတစ်ခုသောတရား မှ စွဲလမ်းခြင်းမရှိပါဘူး၊ အဲဒီကျတော့ 'ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ' ဆိုတာ သေသေချာချာ ဖြစ်ပါတယ်လို့ ဝေဒနာ သုံးပါးသာလှည့်ပြီး ရှုပါလို့ သိကြားမင်းကို ဟောပြန်တယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ သိကြားမင်းမေးတာ တဏှာ အမြန်ကုန်ပြီး ခယဝယ လွန်တဲ့ဆီ ရောက်ချင်တယ်ကိုး.... သူက—(မှန်ပါ)။

ကိုင်း....ဒါဖြင့် အလွယ်ကလေးပါပဲ၊ ဝေဒနာသုံးပါးကို ပထမဦးစွာ ဝေဒနာသုံးပါး ရှိတယ်တဲ့၊ ဒကာ ဒကာမတွေ နေ့တိုင်းလဲ ဟောနေလို့ သိပါတယ်နော် (မှန်ပါ)။

ဝေဒနာသုံးပါးကို ပထမရှေးဦးစွာ ဉာတပရိညာနဲ့ သိ အောင်လုပ်ပါ၊ နောက်-တီရဏပရိညာနဲ့ ပွားပါ၊ နောက် ပဟာန ပရိညာ—ဆိုတဲ့မဂ် ပေါ်အောင်လုပ်ပါ (မှန်ပါ)။

ဒါ သိကြားမင်းကို ဒကာ ဒကာမတို့ ဟောတယ်ဆိုတဲ့ ဥစ္စာ သဘောကျပလား(ကျပါပြီဘုရား)။

ဝေဒနာသုံးပါးကို သိမှုအရင်ရှိပစေ၊ နောက် ပွားမှုလုပ် ပါ၊ သဘောကျပလား (ကျပါပြီ) နောက်ကျတော့ကို ပယ်မှု ဝေဒနာနဲ့ ပတ်သက်တဲ့ တဏှာကို အမြစ်နဲ့တကွ ပယ်မှု လုပ်ပါ တဲ့ (မှန်ပါ) ဒါဖြင့် သိမှု၊ ပွားမှု၊ ပယ်မှုပေါ်များ(မှန်ပါ)။

ဝေဒနာသုံးပါးကို ရှေးဦးစွာတော့ဖြင့် ဘာလုပ်ရမတဲ့ (သိမှုလုပ်ရပါမယ်) ဒုတိယအမှုက (ပွားမှုပါ) တတိယအမှုက (ပယ်မှုပါဘုရား)။

အဲဒီသုံးလက်နဲ့ လုပ်လို့ရှိရင် ရှေးဦးစွာ ပရိဇာနာတိ-နဲ့ အရင်လုပ်ပါတဲ့၊ သဘောကျပလား....(ကျပါပြီဘုရား) ရှေးဦးစွာ ပိုင်းခြားပြီးသကာလ သိဖို့အရင်လုပ်စမ်းပါ....တဲ့၊ ဝေဒနာသုံးပါး ခွဲခြားပြီးသကာလ သိဖို့ အရင်လုပ်စမ်းပါတဲ့.... (မှန်ပါ့)။

နောက်ကျတဲ့ အခါကျလို့ရှိရင်ဖြင့် ပွားများတဲ့ အလုပ် ဒုတိယလုပ်လိုက်စမ်းပါတဲ့၊ ပွားများတဲ့အလုပ် ဒုတိယ လုပ်စမ်းပါတဲ့၊ ပွားများတဲ့အလုပ် လုပ်ရင်းမတ္တနဲ့ နောက်.... ပယ်မှုအလုပ် ဖြစ်လာမှာပဲတဲ့ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် သိမှု၊ ပယ်မှု၊ ပွားမှုပေါ့လေ (မှန်ပါ့) ဘယ်သူက ဘယ်သူ့ကို ဟောတယ်ဆိုတာ မောင်နိုင် ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘုရားက သိကြားကိုဟောတယ် (မှန်ပါ့)။

အဲဒီတော့ ဘုရားက သိကြားဟောတာကို ထင်ထင်ရှားရှား သိနေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ၁-နံပါတ်က စ,ပြောမယ် သိမှုကစ,ပြောမယ်-(မှန်ပါ့) သိမှုဟာသိမှုပဲလို့ ဒကာဒကာမတွေမှတ်ကြပါ၊ သိမှုနဲ့ ပွားမှုနဲ့ မရောစေနဲ့ (မှန်ပါ့)။

၊ သိမှုဆိုတာကတော့ ကိုဝ သေသေချာချာမှတ် ကိုစံလှ သေသေချာချာမှတ် (မှန်ပါ့) ချမ်းသာတယ်လို့ ပေါ်လာရင်

ဩော်.... ဒါ-သုခဝေဒနာကိုးလို့ သိရင် တော်ပြီ ... (မှန်ပါ့) ဒါ သိမှုပဲ(မှန်ပါ့) ဆင်းရဲတာကလေးပေါ်လာရင် မောင်နိုင် (ဒုက္ခဝေဒနာလို့ သိရင် သိမှုပါဘုရား) ဆင်းရဲချမ်းသာကင်း တာကလေးတစ်ခုပေါ်လာရင်....(ဥပေက္ခာဝေဒနာလို့ သိရင် သိမှုပါဘုရား)။

အဲ....ကိုယ့်သန္တာန်မှာ တစ်ခါတလေ ဆင်းရဲတာလာမယ် ကိုဝ....(မှန်ပါ့) တစ်ခါတလေကျတော့ချမ်းသာတာကော.... (လာမှာပါဘုရား) တစ်ခါတလေ ချမ်းသာဆင်းရဲ ကင်းပြီး ကိုယ့်သဘောကလေးနေတဲ့ အခါကော (လာမှာပါဘုရား)။

အဲဒီတော့ ဒီလာတဲ့ဥစ္စာကို ချမ်းသာတာလာရင် ဩော်- ဒါ... သုခဝေဒနာပဲလို့ သိထားရမယ်၊ (မှန်ပါ့) ဆင်းရဲတာ လာရင်... (ဒုက္ခဝေဒနာလို့ သိထားရပါမယ်ဘုရား) ချမ်းသာ ဆင်းရဲကင်းတာကလေး လာရင်ကော (ဥပေက္ခာဝေဒနာလို့ သိရပါမယ်ဘုရား)။

အဲဒါကြတော့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟော တာက သိမှုကိုဟောတဲ့ ဝေဒနာသိမှုကို ဟောတာ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် သိမှုမှာဖြင့် ဒကာ ဒကာမတွေ တစ်နေ့ကလဲ တစ်ခါပြောလို့ သုခဝေဒနာဆိုရင် ကိုယ်ပေါ်မှာလဲ သုခ ချမ်းသာကလေး မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။ ဝမ်းထဲမှာဝမ်းမြောက်တဲ့သုခကလေး(ပေါ်ပါတယ်ဘုရား)။

ဩော်.... သုခက နှစ်နေရာ ပေါ်တယ်ဆိုတော့ ပေါ်တဲ့ နေရာတိုင်းနေရာတိုင်းသိပေးပါ။ ဩော်....ဒါဟာ ကိုယ်ပေါ်

မှာပေါ်တဲ့သုခ။ ဒါက ဝမ်းထဲမှာ ပေါ်တဲ့သုခ၊ ဒီလိုတော့ သိ,သိပေးပါ(မှန်ပါ့ဘုရား) ဒါက ကျင့်တာ မဟုတ်သေးဘူး တဲ့၊ ဉာဏ–သိမှုပဲရှိသေးတယ် (မှန်ပါ့)။

ကောင်းပြီ.... ဒုက္ခကလေး ပေါ်လာပြန်တော့လဲ ကိုယ်ပေါ်မှာလဲ နာတယ်, ကိုက်တယ်, ခဲတယ်, ကျင်တယ် ဆိုတဲ့ ဆင်းရဲလုံးကလေးမလာဘူးလား.... (လာပါတယ်ဘုရား) ဒါ လာရင် ဒုက္ခဝေဒနာလို့သိပေး.... (မှန်ပါ့) ဝမ်းထဲလဲမခံချင်တဲ့ စိတ်ကလေး မလာပေဘူးလား.... (လာပါတယ်ဘုရား) မခံချင်တော့ ဝမ်းထဲလဲ ဒုက္ခပေါ်တယ်လို့ မှတ်လိုက်ပေါ့.... (မှန်ပါ့ဘုရား)။

ဒါဖြင့် သုခကလဲ နှစ်နေရာ၊ ဒုက္ခကကော (နှစ်နေရာပါ ဘုရား) ဥပေက္ခာကျတော့ ဒကာဒကာမတွေ သိထားတော့ မျက်လုံးထဲ မြင်ကာမျှမတ္တ ဥပေက္ခာ၊ နားကကြားကာမျှမတ္တ (ဥပေက္ခာပါ ဘုရား) ကြားကာမျှ မတ္တ စိတ်ကလေးတွေ ဝေဒနာကလေးတွေပေါ့လေ၊ စိတ်နဲ့ ဝေဒနာနဲ့ တွဲလျက်ကြီး (မှန်ပါ့ဘုရား)နှာခေါင်းထဲမှာနံကာမျှမတ္တကလေး(ဥပေက္ခာ ဝေဒနာပါဘုရား) လျှာပေါ်မှာ စားကာမျှမတ္တ စိတ်ကလေး (ဥပေက္ခာပါဘုရား)ဝမ်းထဲမှာလဲ ဒကာဒကာမတွေ ဥပေက္ခာ ဘယ်လိုမျှား ပေါ်ပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ စဉ်းစားကြည့်လေ၊ အားလုံးသော ပုဂ္ဂိုလ်တွေကို ဘယ်သူရှိသေးသလား– ဘယ်ဝါရှိသေးသလား စဉ်းစားတဲ့ အခါရှိသေးတယ်၊ မရှိတော့ သူမသိပေဘူးလား (သိပါတယ်

ဘုရား) ရှိ-မရှိတာ သူသိချင်တာနဲ့ သူ့အတွက်ကို ခင်ဗျား တို့က သူ့အတွက်ကြောင့် စိတ်ဆင်းရဲတာတော့ မဟုတ်ဘူး (မှန်ပါ့ဘုရား)။

သူ့အတွက်ကြောင့် ဝမ်းမြောက်တာကော....(မဟုတ်ပါ ဘုရား) ရှိမှ ရှိလေသေးသလား တွေးလိုက်တဲ့အခါ ဩော်— ရှိသေးသားပဲ (မှန်ပါ့) ရှိသေးသားပဲ ဆိုတဲ့ဥစ္စာ အဲဒီ ရှိသေး သားပဲဟာ ဥပေက္ခာပဲ (မှန်ပါ့) ဒါ....ဝမ်းသာ ဝမ်းနည်း ပါသေးသလား(မပါ့ပါဘုရား)မပါဘူး။ရှိ မရှိ တွေးတာကိုး (မှန်ပါ့) သဘောကျပလား....(မှန်ပါ့)။

အိမ်မှာ ရှိတဲ့ ပစ္စည်းတွေလဲ ရှိ မရှိတွေးကြည့်၊ ဒါ.... ဘာပါ လိမ့်.... (ဥပေက္ခာပါဘုရား)။

ဥပေက္ခာပဲဆိုတာ ဒကာဒကာမတွေ ရှိမရှိ တွေးတာ သည်ကားလို့ ဆိုရင်ဖြင့် လိုချင်လို့ တွေးတဲ့ သဘောမျိုးလဲ မဟုတ်ဘူး (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကြောင့်ကြလို့ တွေးတဲ့ သဘောမျိုးလဲ မဟုတ်ဘူး(မဟုတ် ပါဘုရား) ဒီဥစ္စာဟာ ရှိသေး မရှိသေး သိချင်တာတစ်ခုရှိ တာပဲ (မှန်ပါ့) အဲဒါကျတော့ ဘယ်နှယ် ဆိုပါ့မလဲ (ဥပေက္ခာ ပါဘုရား)။

အဲဒီ တွေးလုံကလေးတွေ ဥပေက္ခာလို့ မှတ်ထားလိုက် တော့ ဝမ်းထဲလဲ ဥပေက္ခာ ပေါ်တယ်ဆိုတာ မသေချာဘူး လား (သေချာပါတယ်ဘုရား)။

အဲ....လမ်းများသွားတော့ သာပြီး ထင်ရှား သေးတယ် ဒကာ ဒကာမတို့၊ သစ်ပင်တွေများ မြင်သွားလိုက်တာ မြင်

ကာမျှမတ္တ ဥပေက္ခာတွေကော (မှန်ပါ) ဘာပင် ညာပင်လို့ ကော မသိဘူးလား (သိပါတယ်ဘုရား) အဲ.... သိကာမျှမတ္တ တွေလဲ ဥပေက္ခာလို့မှတ်....(မှန်ပါ)။

ဒီသိခြင်းကြောင့် ခင်ဗျားတို့ အိမ်ယူချင်တဲ့ လောဘကော ပါရဲ့လား (မပါ,ပါဘုရား) ဒီသစ်ပင် မြင်ရတာ ကျုပ်ဖြင့် စိတ်ကို ပျက်သွားတာပဲကော လာရဲ့လား.... (မလာပါ ဘုရား)။

အဲ....ဒါဖြင့် မြင်တယ်, သိတယ်ဆိုတာ မြင်ကာမျှမတ္တ သိကာမျှမတ္တကလေးဟာ ဥပေက္ခာချည်း မှတ်ထားပါဆိုတော့ ၁-နံပါတ်အတွက်ဟာ အောင်မြင်ပြီလို့ မှတ်ပါ....(မှန်ပါ) သဘောကျပြီလား....(ကျပါပြီဘုရား)။

၁-နံပါတ်က ဘာတုံး (အောင်မြင်သွားပါပြီ) ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း သိလို့ရှိရင်ဖြင့် ဉာတပရိညာစခန်းဖြင့် အောင်မြင်ပါပြီ.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကဲ....ဒါဖြင့် ဒကာဒကာမတို့ သိမှုပြီးတော့ ဘာတဲ့.... (ပွားမှုပါဘုရား)။

ဘုရားက သိကြားကိုဟောနေတဲ့အတွက် ဒကာဒကာမတို့ ၁-နံပါတ်ဖြင့် ဘုန်းကြီးတို့ပြောလို့ပဲ နှစ်ရက်သုံးရက်လဲ ရှိပါ ပြီ၊ ရှင်းလောက်ပါပြီနော်....(မှန်ပါ)။

ကဲ....ဒါဖြင့် ဒကာဒကာမတို့ ပွားမှုအလုပ် လုပ်ကြပါ စို့ (မှန်ပါ) ဉာတပရိညာပြီးရင် တီရဏပရိညာ၊ တီရဏ ပရိညာ ဆိုတာကတော့ ဝေဒနာမတွေ့ရဘူး (မှန်ပါ) ဉာတ

ပရိညာကစေဒနာတွေ့ရမယ် (မှန်ပါ့) ပွားတဲ့ အချိန်ကျတော့ (မတွေ့ရပါဘုရား)။

ပွားတဲ့ အချိန်ကျတော့ ဘာဖြစ်လို့ မတွေ့ရသတုံး ဆိုတော့ ပွားတယ်ဆိုတာက ဒကာဒကာမတွေ နေ့တိုင်း ပြောနေတဲ့ မဂ္ဂင်ငါးပါး....(မှန်ပါ့)။

ပွားတယ်ဆိုတာ ဘာနဲ့ပွားသတုံး (မဂ္ဂင်ငါးပါးနဲ့ ပွားပါတယ်ဘုရား) မဂ္ဂင်ငါးပါးနဲ့ ပွားတယ်၊ ကိုဝတို့ ကိုစံလှတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ပွားတဲ့အချိန်နဲ့ သိတဲ့အချိန်ဟာ တခြားစီလို့ မှတ်ပါ (မှန်ပါ့) ပွားတဲ့ အချိန်သည်ကားလို့ ဆိုရင် ခုနင်က ဉာတပရိညာကို သေသေချာချာ ရှင်းရှင်းလင်းလင်း ပြောလို့ ရှိရင် ဒကာဒကာမတို့ ဉာတပရိညာဟာ ဘာပါလိမ့်မတုံး ဆိုတော့ ဉာတပရိညာဟာ ခင်ဗျားတို့ တရားနာလို့ စာတတ်တာပဲ ရှိသေးတယ်၊ သိမှုပဲ....(မှန်ပါ့)။

တရားနာလို့ စာတတ်တာ ဉာတပရိညာလို့ မှတ်လိုက်ပါ (မှန်ပါ့) ပွားမှုအလုပ်သည်ကား နှလုံးသွင်း မှန်တော့မည်မှတ် (မှန်ပါ့)။

ပွားမှုအလုပ်က ဘာတုံး (နှလုံးသွင်း မှန်ပါတယ်ဘုရား) ဒါဖြင့် သိမှုသည် ဒကာဒကာမတို့ တရားနာမှုပါပဲ၊ တရားနာလို့ပဲ သိကြတာပေါ့ဗျာ (မှန်ပါ့) တရားမနာရင် သိပါ့မလား (မသိပါဘုရား)။

အဲဒါကြောင့် သိမှုအလုပ်နဲ့ တစ်ထပ်တည်းသွားပြီ (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ရှေ့ဆက်လက်ပြီး သကာလသွားတော့ ပွားမှု အလုပ် ဆိုပါတော့ ခုနင်က ကိုဝတို့ ကိုစံလှတို့ ဝေဒနာ မတွေ့ပေဘူးလား (တွေ့ပါတယ်ဘုရား) ပွားတဲ့အခါကျတော့ တစ်ခုက တစ်ခု ပွားရတော့မှာကိုး (မှန်ပါ့) ဒီတစ်ခုကို တစ်ခု နဲ့ ပွားရမယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ရှေ့တစ်ခုကို နောက်က ပွားမှုတစ်ခု မလိုက်ရဘူးလား (လိုက်ရပါတယ်ဘုရား) ပွားမှုနဲ့ ရှုမှု အတူတူပဲနော် (မှန်ပါ့) သို့သော်.... တီရဏပရိညာဟာ ဘာဝေတဗ္ဗကိစ္စဆိုလို့ ပွားမှု နဲ့ သုံးတာပါ၊ စင်စစ်တော့ ရှုမှုပါပဲ (မှန်ပါ့) သဘောပါကြ ပလား (ပါပါပြီဘုရား) ပွားမှုနဲ့ ရှုမှုဟာအတူတူပဲလို့ ဆုံးဖြတ် ချက်ချပါ (မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် ခန္ဓာထဲမှာ နှစ်စိတ်ပြိုင် မပေါ် နိုင်လို့ နှစ်ဝေဒနာ ပြိုင်မပေါ်ဘူးဆိုတာလဲ သဘောကျပါ (မှန်ပါ့)အရှုခံကလဲ ဝေဒနာ၊ ရှုဉာဏ်ကလဲ (ဝေဒနာပါဘုရား) ဝေဒနာဟာ ဒီမှာလဲ ရှိတာပဲ၊ သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီတော့ ဘယ်မှာ ဒီဥစ္စာ ဝေဒနာ မပြိုင်ဘူးလို့ ဟောခဲ့ သတုံးဆိုတော့ ရှင်သာရိပုတ္တရာရဲ့တူ ဒီဃနခကို ဝေဒနာ မပြိုင်နိုင်ပုံကို သေသေချာချာ ဘုရားကိုယ်တော်တိုင်ဖွင့်ဟော တော်မူခဲ့တယ်....(မှန်ပါ့)။

ရှေးက ဝက်ကြီးတူးထားတဲ့ သူကရခဘာ ဆိုတဲ့ ဂူကြီးထဲမှာ ရှင်သာရိပုတ္တရာကလဲ မောင်နိုင်ရေ-ရှင်အဿဇိဆီမှာ သောတာ

ပန်တည်ပြီး ဘုရားဆီရောက်သွားတယ် (မှန်ပါ) ဘုရားဆီ ရောက်သွားတဲ့အခါကျတော့ ဘုရားက အဲဒီဂူကြီးထဲ နေ့လယ် အေးပါတယ်ဆိုပြီးသကာလ သွားနေတော့ ရှင်သာရိပုတ္တရာ က နောက်က ယပ်ကလေးခတ်ပြီးနေတယ်၊ ဒီဃနုခဆိုတဲ့ ပုဂ္ဂိုလ်က ရှင်သာရိပုတ္တရာရဲ့တူ....(မှန်ပါ)။

ငါ့ဦးကြီးလဲ ရှင်ကြီးဂေါတမ နောက် လိုက်သွားတာ ဘာများဖြစ်တယ်လို့ မသိရဘူး၊ ဘာသံမှလဲ မကြားဘူး၊ သတင်းမေးပြီးလိုက်ဦးမှ ... ာ်မယ်ဆိုပြီး လိုက်လာတာ အဲဒီ ဂူကြီးထဲမှာ ရှင်သာရိပုတ္တရာ ယပ်ခတ်ပြီး ဘုရားက ထိုင်ပြီး သီတင်းသုံးနေတာကို တွေ့တယ်၊ တွေ့တဲ့အချိန်ကျမှ သူ့ကို ဒီ့ပြင် တရားကို မင်းမရှုပါနဲ့ကွာ ဒီဃနခ....ဆိုပြီး သကာလ ဝေဒနာကိုလှည့်ဟောတယ်၊ ဒီဃနခကို ဝေဒနာတရား ဟော တာပဲ (မှန်ပါဘုရား)။

ဝေဒနာဟာကွာ.... မင်းမှတ်ထားဆိုပြီး ဒီဘက်မှာ အရှုခံ ဝေဒနာ ရှိနေလို့ရှိရင် ရှုဉာဏ်ဝေဒနာ မပေါ်ဘူးတဲ့ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

အရှုခံဝေဒနာ ချုပ်သွားရင်ကော.... (ရှုဉာဏ်ဝေဒနာ ပေါ်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား) အရှုခံ ဝေဒနာမချုပ်သေးရင် (ရှုဉာဏ်ဝေဒနာ မပေါ်နိုင်ပါဘူး ဘုရား) ဝေဒနာဟာတစ်ခုတစ်ခုသာပေါ်တယ်၊ သုခပေါ်ရင် ဒုက္ခမပေါ်ဘူး၊ ဒုက္ခပေါ်ရင် သုခမပေါ်ဘူး၊ သဘောကျပ လား(ကျပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ ဒီကဒုက္ခပေါ်နေတယ်၊ ဒီက သုခနဲ့ရှုရမှာ ဖြစ်နေတော့ သုခနဲ့ဒုက္ခ ပြိုင်ကောင်းရဲ့လား.... (မပြိုင်ကောင်းပါဘုရား)။

မဂ်ဆိုတာ သုခချည်းမှတ်ပါ(မှန်ပါ) မဂ်သောမနဿတွေ နော် (မှန်ပါ) အဲဒီတော့ ဒီကဒုက္ခဝေဒနာကိုရှုရမယ်ဆိုတော့ ဒုက္ခနဲ့သုခ ပြိုင်ပေါ်နိုင်ပါ့မလား.... (မပေါ်နိုင်ပါဘုရား) မပေါ်နိုင်တာကိုလဲ ဒီဃနခကို ဘုရားက သေသေချာချာ ဟောတယ်(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

နောက်တော့ သဘောနဲ့တကွအသေးစိတ် ဘုန်းကြီးရှင်းပြ ပါ့မယ် (မှန်ပါ) အဲဒီကဲ့သို့ ဟောရင်းမှတ္တနဲ့ ဝေဒနာတွေ ရှုပြီးသကာလ ပွားများတဲ့အချိန်ကျတော့ ဝေဒနာမတွေ့စေ နဲ့ ခယဝယဆိုတဲ့ ဖြစ်ပျက်တွေ့ပေစေ (မှန်ပါ)။

ပွားများတဲ့အချိန် ဘာတွေ့မလဲ (ခယဝယတွေ့ရပါမယ်) အဲ....အပျက်ကို တွေ့ရမယ်နော်....(မှန်ပါ) ဘာကြောင့်တုံး ဆိုတော့ ဒီက ဒုက္ခဆိုတော့ ဒီကရှုတာက သုခဖြစ်နေတော့ သုခနဲ့ဒုက္ခ ပြိုင်ကောင်းရဲ့လား (မပြိုင်ကောင်းပါဘုရား)။

ဒါဖြင့် တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်ရမယ်ဆိုတော့ ဒီတစ်ခု က ခယဝယဖြစ်ရမယ်....(မှန်ပါ) ဒါက ခယဝယမြင်တဲ့တရား ဖြစ်ရမယ်.... (မှန်ပါ) သဘော ပါကြပလား.... (ပါပါပြီ ဘုရား)။

ဒါဖြင့်.... ရှေ့က ခယဝယ၊ နောက်က.... (ခယဝယမြင်တဲ့ ဉာဏ်ပါဘုရား) အဲ....ခယဝယမြင်တဲ့ဉာဏ်ဆိုတော့ မဂ္ဂင်မဖြစ် ဘူးလား (ဖြစ်ပါတယ်ဘုရား) သဘောပါကြပလား.... (ပါ

ပါပြီဘုရား)ဝေဒနာမဖြိုင်တာကော သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ပွားများတဲ့အချိန် ဝေဒနာမတွေ့စေနဲ့လို့ အတည့်အလင်း ဆုံးဖြတ်ချက် ချပေးလိုက်တယ်(မှန်ပါ့) ပွားများတဲ့ အချိန်မှာ.... (ဝေဒနာ မတွေ့ရပါ ဘုရား) ဘာတွေ့ရမတုံး (ခယဝယ တွေ့ရမှာပါဘုရား)။

အဲ.... ခယဝယ တွေ့ရမယ်၊ ခယ-က ကုန်တာ၊ ဝယ-က ပျက်တာ၊ ဝါစာသိလ်၌ စကားချောအောင် တွဲခေါ်တာ၊ စင်စစ် ပျောက်ပြီးသားကိုတွေ့ရမယ်၊ ပျောက်ပြီလို့ သိရမယ်၊ ဒီကပျက်ပြီလို့သိရမယ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ကောင်းပြီ.... ဤကဲ့သို့ ဒကာဒကာမတွေသန္တာန်၌ ဒီကဲ့သို့ အသိသည်ကား....လို့ ဆိုလို့ရှိရင်ဖြင့် ဝေဒနာတွေတာလား၊ ဝေဒနာတို့၏ ပျောက်ပျက်မှုကို တွေ့တာလား (ပျောက်ပျက်မှုကိုတွေ့တာပါ) အဲ.... ပျောက်ပျက်မှုတွေကို တွေ့တယ်ဆိုတော့ ဒီကပျောက်ပျက်မှု၊ ဒီကသိမှု....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ရှေ့ပိုင်းက ဘာတုံး (ပျောက်ပျက်မှုပါ) နောက်ပိုင်းက (သိမှုပါ) ဒါဖြင့် ဟော့....ဒီအသိ မင်းဘာသိနေသတုံး....လို့ သူ့ကို နာမည် တပ်မေးစမ်း၊ မင်းဝေဒနာသိတာလား၊ ဘာသိတာတုံး (ပျောက်ပျက်တာသိတာပါဘုရား)။

ပျောက်ပျက်တာ သူသိတယ်၊ ဉာတပရိညာတုန်းကတော့ ဝေဒနာ သိတယ် ...(မှန်ပါ့) ပွားများတဲ့ အချိန်ကျတော့.... (ပျောက်ပျက်တာသိပါတယ်ဘုရား)။

အဲဒါကြောင့် ပရိညာသုံးပါး အင်္ဂုတ္တိုရ်မှာ သေသေချာ ချာ ဟောတယ်....(မှန်ပါ့)သဘောပါကြပလား.... (ပါပါပြီ ဘုရား)။

အဲဒီတော့ ဝိပဿနာမှာ ဤမျှလောက် ခြားခြားနားနား သိရှိထားလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဘယ်နည်းနဲ့မှ မပေါက် ရောက်မရှိဘူးဆိုတာဖြင့် ဆုံးဖြတ်ချက်ချပါ(မှန်ပါ့)။

ပေါက်ရောက်လိမ့်မယ်လို့ တရားကိုလဲဆက်နာ၊သူ့မနာလို့ ရှိရင်မဖြစ်ဘူး.... (မှန်ပါ့) တရားလဲ ဆက်နာ၊ လုပ်လဲလုပ်၊ သဘောကျပလား(ကျပါပြီဘုရား)။

တရားလဲနာ၊ လုပ်လဲလုပ်ရမယ်ဆိုတာ ကိုဝ–ခုနင်က ပါဠိ တော်မှာ မပါခဲ့သေးဘူးလား (ပါပါတယ်ဘုရား) အေး.... စူဠဝေဒလ္လသုတ်မှာ သေသေချာချာ ဟောပါတယ်....(မှန်ပါ့ ဘုရား)။

ကိုင်း.... ဒါဖြင့် ဒကာဒကာမတို့ ပွားများတဲ့ အချိန်မှာ ဝေဒနာနှစ်ခု ပြိုင်သလား၊ မပြိုင်ဘူးလား (မပြိုင်ပါဘုရား) သူသည်ကားလို့ဆိုရင် ဘာနဲ့ပြိုင်နေပါသတုံး ဆိုရင် အပျက်နဲ့ မဂ်နဲ့သာပြိုင်တယ် (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါ ပြီဘုရား)။

ဒီဟာအပျက်ဆိုတာလဲ ပျက်ဆဲမတွေ့ဘူးနော်၊ ပျက်ပြီးနဲ့ မဂ်နဲ့သွားတွေ့တယ်(မှန်ပါ့)။

ဘာနဲ့သွားတွေ့ပါလိမ့် (ပျက်ပြီးနဲ့မဂ်နဲ့ သွားတွေ့ပါတယ် ဘုရား) အဲ....ပျက်ပြီးနဲ့မဂ်နဲ့ သွားတွေ့တဲ့အခါကျလို့ ရှိရင်ဖြင့်

ဒကာဒကာမတို့ ပျက်ပြီးက အနိစ္စဆိုလဲ ဟုတ်တာပဲ၊ ဒုက္ခဆိုလဲ (ဟုတ်ပါတယ် ဘုရား) အနတ္တဆိုလဲ.... (ဟုတ်ပါတယ် ဘုရား)။

ဟာ ဒါဖြင့် ဒကာဒကာမတို့ နှလုံးသွင်းမှန်.... (မှန်ပါ့) ဒီက အခုမင်္ဂနဲ့ နှလုံးသွင်းကိုး....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

မဂ္ဂင်ငါးပါးကဘာပါလိမ့် (နှလုံးသွင်းပါဘုရား) နှလုံးသွင်းပဲ....တဲ့၊ သူ နှလုံးသွင်းလိုက်တာ အပျက်ရှိလို့ အပျက်ပဲ နှလုံးသွင်းမိတယ်၊ အပျောက်ရှိလို့ အပျောက်ပဲ နှလုံးသွင်းမိတယ်... (မှန်ပါ့)နှလုံးသွင်း မမှန်ဘူးလား — (မှန်ပါတယ် ဘုရား)။

အဲ.... မှန်ရင် ဒကာဒကာမတို့ ခုနင်က ဝေဒနာကိုလဲ ဟောထားတယ်၊ ဉာတပရိညာနဲ့ ဟောထားတယ်၊ ဝေဒနာရှိမှန်းကိုလဲ ခင်ဗျားတို့သိတယ် (မှန်ပါ့)။

နှလုံးသွင်းလိုက်တဲ့ အခါကျတော့ ဝေဒနာတို့၏အပျက်နဲ့ မင်္ဂနဲ့လဲ အပျက်ရှိလို့ အပျက်သိနဲ့ သွားပြီး ကိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒါဟာ သောတာပန်တည်ရမယ်ဆိုတဲ့ဥစ္စာ ဘာမှ ငြင်းနေဖို့မလိုတော့ဘူး.... (မှန်ပါ့) လိုသေးရဲ့လား (မလိုပါ ဘုရား)။

အင်မတန် အဖိုးတန်သွားပြီ ဒကာဒကာမတို့ (မှန်ပါ့) အင်မတန်အဖိုးတန်သွားပြီဆိုတဲ့ဥစ္စာဖြင့် လေးလေးနက်နက်ပဲ

မှတ်သားရလိမ့်မယ် (မှန်ပါ့) မောင်နိုင် သဘောကျပလား (ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် တီရဏပရိညာပွားများရမည်ဆိုသဖြင့် ဒကာ ဒကာမတို့ အပျက်နဲ့မဂ်နဲ့ ကိုက်အောင်သာ လျှောက်လုပ်နေပါ(မှန်ပါ့)ဝေဒနာသုံးပါးကဖြင့် အပျက်တွေချည်း မပြပေဘူးလား(ပြပါတယ်ဘုရား)။

အပျက်တွေ ပြတိုင်းပြတိုင်း ဒကာဒကာမတွေက ဒီကနှလုံးသွင်းကလဲအပျက်ကိုပဲ သိသိပေးစမ်း (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘယ်လိုလုပ်ရမတုံး.... (အပျက်ကို သိ,သိ ပေးရပါမယ်ဘုရား)အပျက်ကိုပဲ ဒကာ ဒကာမတို့ သိ,သိပေးပြီးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် အပျက်မဂ်၊ အပျက်မဂ်ဆိုပြီး သွားလိုက်စမ်းပါ။ (မှန်ပါ့) အဲဒါ နှလုံးသွင်း ဘယ့်နှယ်နေသတုံး.... (မှန်ပါတယ်ဘုရား)။

မှန်ပြီ....တဲ့၊ အပျက်ရှိလို့ အပျက်သိတယ်၊ အပျက်ရှိနဲ့ အပျက်သိတာ သွားကိုက်တယ်.... (မှန်ပါ့) မကိုက်ဘူးလား.... (ကိုက်ပါတယ်ဘုရား) ဒါဖြင့် ဒါကို ဘယ့်နှယ်ဆိုကြမယ်.... (နှလုံးသွင်းမှန်ပါဘုရား)။

ဟာ....ဒါဖြင့်တရားနာလို့လဲ ဝေဒနာမှန်းသိခဲ့ပြီ၊ မဟုတ်ဘူးလား(မှန်ပါ့) တရားနာလို့လဲဝေဒနာမှန်းသိခဲ့ပြီ၊ ဝေဒနာဟာကိုယ့်စရိုက်နဲ့လျော်တယ်ထားပါတော့လျော်တဲ့ပုဂ္ဂိုလ်မှာနေ၁(မှန်ပါ့) နှလုံးသွင်းကကော (မှန်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ်နဲ့လျောက်ပတ်တဲ့တရားလဲနာမှု၊ နှလုံးသွင်းကလဲ အပျက်ရှိလို့အပျက်သိမှု ဆိုလို့ရှိရင်

ဒီပုဂ္ဂိုလ် သောတာပန်တည်ရမယ်၊ သဘောကျပလား(ကျပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒကာ ဒကာမတို့ သိကြားမင်းကို အခုပွားများရမယ်ဆိုတဲ့ ဥစ္စာကော မဟောဘူးလား (ဟောပါတယ်ဘုရား)။

ကိုင်း....အခု ပွားများလိုက်တဲ့ အခါကျတော့ ဝေဒနာသုံးပါးပဲ တွေ့နေသလား။ အပျက်တွေချည်းပဲတွေ့နေသလား (အပျက်တွေချည်းပဲ တွေ့နေပါတယ်ဘုရား)။

အပျက်တွေချည်း တွေ့နေလို့ရှိရင် ဒကာ ဒကာမတို့ ရှီးရှီးပြောကြပါစို့ ဆိုရင် အပျက်တွေ့လို့ရှိရင် ဉာဏ် ၃-ဉာဏ် တစ်ခါတည်း ဝင်လာတယ်နော် (မှန်ပါ့)။

အပျက်တွေ့လို့ရှိရင် သမ္မသနဉာဏ်လဲဝင်တာပဲ၊ ဥဒယဗ္ဗယဉာဏ်လဲ ဝင်တာပဲ၊ အပျက်တွေ့ပေါ့၊ ဘင်ဉာဏ်လဲ ဝင်နေတာပဲ (မှန်ပါ့)။

ဒါကြောင့်ဒီသုံးခုကို ပေါင်းပြီးသကာလ ဘုရားက အဲဒါ ယထာဘူတဉာဏ် ရတာပါပဲတဲ့ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အပျက်နဲ့ မင်္ဂနဲ့ တွေ့လို့ရှိရင် ဘာဉာဏ်ရသလဲ (ယထာဘူတဉာဏ် ရပါတယ်ဘုရား) အဲဒီ ယထာဘူတဉာဏ်ကို ဖြန့်လိုက်လို့ရှိရင် ဆိုင်းဘုတ် ဆွဲချင်လို့ရှိရင် သမ္မသနဉာဏ် ဆိုတာလဲသူပဲ (မှန်ပါ့) ဥဒယဗ္ဗယဉာဏ်ဆိုတာလဲ (သူပါပဲ) ဘင်ဉာဏ်ဆိုတာကော (သူပါပဲဘုရား)။

အဲ....ဘင်ဂဉာဏ်ထဲမှာ ကျန်တာတွေ အကုန်ဝင်လာတယ် ဆိုသဖြင့် အဲဒီသုံးခုကို ပေါင်းခေါ်လိုက်လို့ရှိရင် ယထာဘူတဉာဏ်လို့ ခေါ်လိုက် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဉာဏ်သုံးခု ပေါင်းခေါ်လိုက်တော့ ဘာတဲ့ (ယထာဘူတဉာဏ်ပါဘုရား)ရိပ်မိပလား(ရိပ်မိပါပြီဘုရား) အဲဒါကြောင့် သမ္မသနဉာဏ်ဆိုတာလဲ အပျက်သုံးသပ်တာပါပဲ၊ ဥဒယဗ္ဗယဆိုတာ အဖြစ်နဲ့ အပျက်ဆိုတာလဲ ဒါပဲကွ၊ နောက်ဆုံးပိတ်တစ်နေ့ကျတော့ အပျက်ချည်းမြင်ပါတယ် ဆိုတာ သေသေချာချာမှန်တာ နာမ်ရုပ်တရားမှာ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါကြောင့် ဒီဉာဏ်ကို ပေါင်းခေါ်ရင် ဘယ့်နှယ်ခေါ်မယ်(ယထာဘူတဉာဏ်ပါ) ဖြန့်ခေါ်ရင် သမ္မသန,ဥဒယဗ္ဗယ, ဘင်လို့ခေါ် (မှန်ပါ့)။

အဲ....ခင်ဗျားတို့ကတော့ အပျက်မြင်လို့ရှိရင် ယထာဘူတဉာဏ်တစ်လုံးတည်း မှတ်လိုက်လဲပြီးတာပဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ပေါင်းတာနဲ့ စိတ်တာကတော့ မထူးပါဘူး၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ဒီလိုအပျက်ချည်းမြင်နေရက နေပြီးသကာလ ဒကာဒကာမတွေက ရှုဖန်မများပေဘူးလား (များပါတယ်ဘုရား) သူက တီရဏပရိညာကိုး.... ပွားရမှာကိုး.... (မှန်ပါ့)။

တီရဏပရိညာ-ဆိုတော့ ပွားမှုများများ လုပ်ရမယ်ဆိုတဲ့

အလုပ်ကတော့ ကိုဝတို့-ကိုစံလှတို့ လျှော့လို့ ရပါ့မလား.... (မရပါဘုရား) ပွားများရမယ် သူ့ဘာဝေတဗ္ဗ ကိစ္စကိုး.... (မှန်ပါ့)။

အဲဒီလို ပွားများတဲ့ အခါကျလို့ရှိရင် ဒကာဒကာမတွေ သည်ကား....လို့ ဆိုလို့ရှိရင်ဖြင့် ဒီဟာကြီးကို ဩော်....အပျက် ချည်း မြင်နေရတော့ အိမ်ဈေး မသာတွေချည်းထမ်းသွားတော့ မကြည့်ချင်သလို ဒီမှာလဲ အပျက်ချည်း မြင်နေရတော့ ကြည့် ချင်သေးရဲ့လား.... (မကြည့်ချင်ပါဘုရား) မကြည့်ချင်တော့ ဘုန်းကြီးက အရင်ပြောတယ်၊ နိဗ္ဗိန္ဒဉာဏ်လို့ မပြောဘူးလား (ပြောပါတယ်ဘုရား)။

မကြည့်ချင်အောင် မုန်းလာတာ ဘာတုံး (နိဗ္ဗိန္ဒဉာဏ်ပါ ဘုရား)။

အဲ.... နိဗ္ဗိန္ဒဉာဏ်ထဲမှာ ဒကာ ဒကာမတို့ အာဒီနဝတို့ အကုန်ပါသွားတာပဲ၊ ဘင်ပြီးတော့ ဘယမရှိတော့ဘူးလား (ရှိပါတယ်ဘုရား) အာဒီနဝ မရှိဘူးလား (ရှိပါတယ်ဘုရား) နိဗ္ဗိန္ဒ (ရှိပါတယ်ဘုရား) ဒီအထဲမှာ သုံးဉာဏ် ပါသွားတာပဲ (မှန်ပါ့) နိဗ္ဗိန္ဒထဲ ဝင်လာတာပဲ၊ သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဘယအာဒီနဝဟာလဲ နိဗ္ဗိန္ဒထဲ အကုန်ဝင်တာပဲ့လို့ မှတ်လိုက်....(မှန်ပါ့) ဒါကြောင့် ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်း ဆိုပြီး ဆရာဘုန်းကြီးက ချုံးထားတယ်ဆိုတာကော တရား သဘောနဲ့ကိုက်အောင်လို့ ချုံးထားလိုက်တယ် (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ဟိုဉာဏ်စဉ်မတွေ မပြောတော့ဘူးတဲ့၊ ဘာဖြစ်လို့ မပြော သတုံးဆိုတော့ ယထာဘူတဉာဏ်ထဲ ဉာဏ်သုံးဉာဏ် ဝင်လာ ပြီ၊ နိဗ္ဗိန္ဒဉာဏ်ထဲလဲ သူနဲ့တကွ သုံးဉာဏ်မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ အပျက်နဲ့ မဂ်နဲ့ ကိုက်ကိုက် သွားတာဖြင့် ဒါ-ဘာဝေတဗ္ဗ အလုပ်ပဲ ဆိုတာဖြင့် ရှင်းလင်း မသွားသေးဘူးလား (သွားပါတယ်ဘုရား)။

ကောင်းပြီ....သို့သော်လဲ မုန်းပေမယ့် ဆရာဘုန်းကြီးက အို....ခင်ဗျားတို့ အပျက်ကလေးတွေ မုန်းတယ်၊ မုန်းပေမယ့်လဲ ဒကာဒကာမတို့ ရှုမြဲတိုင်းရှု၊ မုန်းနေလို့လဲ ခင်ဗျားတို့ မပြီး ဘူး၊ ဒီခန္ဓာက ပြနေမှာပဲ (မှန်ပါ) ဉာဏ်နဲ့သာ တည့်ထား မုန်းတဲ့ပုဂ္ဂိုလ်လဲ မပြီးပဘူးလား (ပြပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မုန်းလျက်နဲ့ ပေရှုနေရတဲ့အချိန် ကော မပါဘူးလား.... (ပါပါတယ်ဘုရား) အဲ....အချို့က မုန်းတယ် ဆိုပြီးသကာလ၊ အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်တွေက မရှု ချင်ဘူးဆိုပြီး ထ,ပြေးရင် ခုနင်က သမ္မသန, ဥဒယဗ္ဗယ, ဘင် ပြန်စနေရလိမ့်မယ် (မှန်ပါ) ယထာဘူတဉာဏ်ပြန်ပြီး စ,ရ လိမ့်မယ်....(မှန်ပါ)။

ဒါကြောင့် အလုပ်လုပ်တဲ့ပုဂ္ဂိုလ်များဖြင့် ပြန်စရတဲ့အခြေ အနေကျအောင် ခင်ဗျားတို့ တစ်ခါတည်းနဲ့ ပြီးရမှာ နှစ်ခါ သုံးခါဖြင့် အပင်ပန်း မခံပါနဲ့၊ မုန်းပေမယ့်လဲ ဆိုက်ဆိုက် မြိုက်မြိုက် ပေသာ ရှုနေ (မှန်ပါ)။

အပျက်ကလေးကိုနော် (မှန်ပါ) မုန်းပေမယ့်လဲ ဘယ်လို မှာပါလိမ့် (ပေရှုရပါမယ်) ပေရှု- ဆိုက်ဆိုက်မြိုက်မြိုက်သာ

ရှုနေ၊ ဉာဏ်တက်ချင်လို့ မှန်းတာကိုး ကိုဝ, ကိုစံလှတို့ (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ဉာဏ်တက်ချင်လို့ မှန်းတာကို ကျုပ်တို့က မှန်းတာနဲ့ပဲ ပျင်းလာပြီ ပြုလာပြီဆိုလို့ရှိရင် ဉာဏ်ပြန်ကျပြီး ကောသဇ္ဇတွေ ဘာတွေ ဝင်လာလို့ရှိရင် ဉာဏ်ပြန်ကျပြီး သမ္မာသနပြန်ရောက်မယ် (မှန်ပါ့) ယထာဘူတဉာဏ် ပြန်ဆင်းသွားတယ် (မှန်ပါ့) မနာဘူးလား (နာပါတယ်ဘုရား)။

အင်မတန် နစ်နာပါတယ်....တဲ့၊ အဲဒါကြောင့် ပြန်ပြီး သကာလ မဆင်းပါနဲ့ဆိုတာကိုလဲ့ အလုပ်လုပ်မည့် ပုဂ္ဂိုလ်တွေမို့ သေသေချာချာ မှာရတယ် (မှန်ပါ့) သဘောပါကြပလား (ပါပါပြီဘုရား)။

ကိုင်း... ဒါဖြင့် မှန်းလျက်နဲ့ ပေရှုတော့ကို မှန်းတဲ့အထဲကပဲ ဒကာဒကာမတို့ လွတ်ချင်တာတွေ၊ လွတ်ချင်တာတွေ ဆိုကတည်းက မောင်နိုင်က စဉ်းစားကြည့်ပါ၊ သြော်....ဘာမှ လွတ်ချင်တာတုံး ဆိုတော့ မလိုချင်တဲ့ မဂ်ဉာဏ်ထဲ သူဝင်တော့မယ် (မှန်ပါ့) မဝင်ပါနဲ့ဆိုလို့ ရပါဦးမလား.... (မရပါဘုရား)။

မှန်းလာတဲ့ ပုဂ္ဂိုလ်ဟာ မုဥ္စိတုကမျတာဉာဏ် ဆိုတာ ဉာဏ်စဉ်အတိုင်း တက်ရမယ်ဆိုရင် ဒီအတိုင်း မလာဘူးလား (လာပါတယ်ဘုရား) လွတ်ချင်လာတယ် ဆိုတော့ ဒါကို လိုချင်တဲ့သဘော ပါသေးရဲ့လား (မပါပါဘုရား)။

ဒါ့ကြောင့် မုဒိတာကမျတာညာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာညာဏ်၊ အနုလောမ ဉာဏ်တွေဟာ မဂ်ညာဏ်ကို ကျေးဇူးပြုသောကြောင့် မလိုချင်တဲ့ ဉာဏ်ချည်းပဲလို့ မှတ်လိုက် (မှန်ပါ့ဘုရား) မဂ်ညာဏ်ထဲ အကုန်ဝင်သွားတာပဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါ့ကြောင့် ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မလိုချင်တဲ့ မဂ်ညာဏ်ဆိုရင် ပြီးတာပဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) အကုန်ဝင်တယ် ဆိုတာ သဘော ပါပလား (ပါပါပြီဘုရား)။

ကဲ....ဒါ့ကြောင့် ဒီဒကာဒကာမတွေမှာ အားလုံးတော့ဖြင့် သုံးညာဏ်နဲ့သာ တက်လိုက်ဆိုလဲ့ ဟိုညာဏ်တွေ အတွင်းဝင်တယ်လို့ မှတ်လိုက်တာပေါ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် သုံးညာဏ် မူတည်လိုက်တော့ ၁-နံပါတ်က ယထာဘူတညာဏ်၊ ၂-နံပါတ်က (နိဗ္ဗိန္ဒညာဏ်ပါ) ၃-နံပါတ်က (မဂ်ညာဏ်ပါဘုရား) မဂ်ညာဏ် ဆိုတော့ ဒကာ ဒကာမတွေ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီနေ့ ညာဏ်စဉ်ကိုလဲ တိုးပြီးသကာလ....ဩော်....ဒီအထဲ ဒီအထဲ ဒါတွေ ဝင်တယ်ဆိုတာကိုလဲ သိသွားတော့ ကျေကျေနပ်နပ်ပဲ ညာဏ်သုံးညာဏ်သာလုပ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ပွားများရမယ်ဆိုတဲ့ နေရာမှာ ဒကာဒကာမတို့ ပွားများသည့် ကိစ္စပြီးလို့ရှိရင်ဖြင့် ပယ်မှုကိစ္စဆိုတာ မလာရပေဘူးလား (လာရပါတယ်ဘုရား)။

ပယ်မှုကိစ္စဆိုတာကတော့ မနေ့ကပြောခဲ့ပြီ၊ ဒကာဒကာမတွေ ဝိပဿနာဉာဏ် ဟူသရွေ့ဟာ မဂ်ဉာဏ် မလာသေးသရွေ့ ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်တို့ဟာ တဏှာသာ စွန့်တယ်၊ နိဗ္ဗာန်မမြင်ပါဘူးလို့ မနေ့က မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ပယ်မှုဉာဏ် လာတဲ့အခါကျတော့ ခန္ဓာလဲစွန့်၊ တဏှာလဲစွန့်၊ နိဗ္ဗာန်လဲမြင် (မှန်ပါ့) အဲ....ပယ်မှုဉာဏ်ကျမှ ရမယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဖြစ်ပျက်တွေ၊ ခယဝယတွေ ဒကာဒကာမတွေ ဆုံးအောင်သာ လိုက်ကြပေတော့ (မှန်ပါ့) မလိုက်သင့်ဘူးလား(လိုက်သင့်ပါတယ်ဘုရား)။

အဲ....ဆုံးအောင်လိုက်၊ လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ခယဝယအဆုံးဆိုတာ ခယဝယဆိုတာ ကုန်တာ ပျောက်တာ၊ ကုန်တာပျောက်တာ ဆုံးသွားတဲ့အခါကျလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ မကုန်မပျောက်တာတော့ တွေ့ရမှာပဲ.... (မှန်ပါ့) မကုန်မပျောက်တာ ဘာခေါ်ကြမလဲ (**နိဗ္ဗာန်ပါဘုရား**)။

အဲ....နိဗ္ဗာန်ကျတော့မှ ခန္ဓာလဲလုံးလုံးပယ်တယ်၊ သဘော ကျပလား (ကျပါပြီဘုရား) တဏှာကော (လုံးလုံးပယ်ပါ တယ်ဘုရား)။

သောတာပန်နဲ့ပတ်သက်တဲ့ ဒိဋ္ဌိတဏှာတွေ လုံးလုံးပယ်ချ လိုက်တယ်(မှန်ပါ့) နိဗ္ဗာန်ကော (မြင်ပါတယ် ဘုရား) အဲဒါ ကျတော့ ပဟာနပရိညာ သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဟိုဟာတွေက တဒင်္ဂပယ်လို့ ပဟာနပရိညာထဲ မသွင်းဘူး၊ တီရဏပရိညာသာ ဟောလိုက်တယ် (မှန်ပါ့) ဒီဖြစ်ပျက်တွေ ဆုံးသွားတဲ့အခါကျတော့ ခန္ဓာလဲ ပယ်တယ် တဏှာကော- (ပယ်ပါတယ်ဘုရား) နိဗ္ဗာန်ကော.... (မြင်ပါတယ်ဘုရား) နောက်ထပ်လာသေးသလား ပယ်ပြီးသားတွေ.... (မလာပါ ဘုရား) အဲဒါကျတော့ ပဟာနပရိညာလို့ ဆိုလိုက်ပါတယ် (မှန်ပါ့)။

ဒါဖြင့် ဆုံးအောင်လိုက်ဆိုလို့ရှိရင် ပဟာနပရိညာ ဖြစ် မယ်(မှန်ပါ့)ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) အဲဒီမှာ သောတာပန်တည်တယ်၊ သောတာပတ္တိမဂ်ပြီးရင် သောတာ ပတ္တိဖိုလ်လာတာပါပဲ၊ မဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ် မဖြစ်ချင်ပါ ဘူးဆိုလို့ ရသေးရဲ့လား (မရပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ နိဂုံးချုပ်တော့မယ်၊ အစကပြန် ပြီး နည်းနည်းပြောလိုက်ပါ....တဲ့၊ သောတာပန် တည်ချင်ရင်

( ၅၅ )

ဘယ်နှစ်ချက် အရေးတကြီးလုပ်ရမလဲ (နှစ်ချက်အရေး တကြီး လုပ်ရပါမယ်ဘုရား)။

ကိုယ်နဲ့လျောက်ပတ်တဲ့တရားကို(နာရပါမယ်) ၂-နံပါတ် က (နှလုံးသွင်းမှန်ရပါမယ်) ဤနှစ်ခုနဲ့ ပြည့်စုံရင် ဘာဖြစ်ရမလဲ (သောတာပန်ဖြစ်ရပါမယ်ဘုရား)။

သောတာပန် တည်ရမယ်ဆိုတာ ဘုရားကလဲ ဟော၊ ရှင်သာရိပုတ္တရာကလဲ ဟော၊ ရှင်အာနန္ဒာကလဲ ဟော၊ သုံးပါးလုံးဟောတဲ့အတွက် သံသယကင်းရှင်းစွာနဲ့ ကြိုးစားကြပါ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု။

⁂

စာမူခွင့်ပြုချက်အမှတ် (၆၄၂/၉၅) (၇)

**ထုတ်ဝေသူ** - ဦးအောင်ချို၊(မြဲ-၀၈၃၁)၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** - ဦးနန္ဒ၊ (၀၃၅၉၇)၊ သီရိနန္ဒာ ပုံနှိပ်တိုက်၊ အမှတ်-၂၁၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့။